သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၅ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၅)

မြန်မာ့သမိုင်းမှာ အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးဖြစ်တယ်

မကြာခင် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပတော့မယ့် အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တွင် ပထမဆုံး အခြေခံအဆင့် ပထမဆုံး ခြေလှမ်းဖြစ်သလို ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးကို အဆုံးအဖြတ်ပေးမယ့် ညီလာခံကြီးလည်း ဖြစ်ပါတယ်။ ဒီညီလာခံကြီးဟာ မြန်မာ့သမိုင်းမှာ အမျိုးသားအင်အားစု အသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးလည်း ဖြစ်ပါတယ်။

(အောင်မိုးစံ၏ဆောင်းပါး စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)

အမျိုးသားညီလာခံတက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် မေ ၁၄

အမျိုးသားညီလာခံသို့တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များသည် ယနေ့တွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ်ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသည်။

ထိုသို့ရောက်ရှိရာတွင် ညီလာခံ ကိုယ်စားလှယ်များသည် မြန်မာ့မီးရထားကြိုဆိုရေးစခန်း၊ လေဆိပ်ကြိုဆိုရေးစခန်းနှင့် ကျိုက္ကဆံကြိုဆိုရေးစခန်းတို့မှတစ်ဆင့် ရောက်ရှိလာကြသကဲ့သို့ ညောင်နှစ်ပင်စခန်းသို့ တိုက်ရိုက်လာရောက်ကြသူများလည်း ရှိကြသည်။

ယနေ့ရောက်ရှိလာကြသော ကိုယ်စားလှယ်များမှာ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်)တို့မှ ဖြစ်သည်။

ယမန်နေ့တွင်လည်း ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မကွေးတိုင်းနှင့် မွန်ပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များ ရောက်ရှိလာကြသည်။

အဆိုပါ ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက တည်းခိုဆောင်များ၌ နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ်ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ရောက်ရှိလာစဉ်။ (အပေါ်ပုံနှင့် အပေါ်ယာပုံ)
(သတင်းစဉ်)

ပေါင်းလောင်းချောင်းပေါ်က ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း စိုက်ဧက ၃၅၀၀၀ ရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ်မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်မည်

ကွင်းဆင်းလေ့လာမေးမြန်းရေးသားသူ - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၄

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် မြေအောက်လျှပ်စစ်ဓာတ်အားပေးစက်ရုံကိုပါ ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ၂၀၀၄ ခုနှစ်မကုန်မီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံအတွင်း မြေသားညှိခြင်း၊ မြေဖို့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ယန္တရားကြီးများဖြင့် တမံခိုင်ခံ့ရေးအတွက် ဤသို့ ဆောင်ရွက်လျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁၅ ရက်)

အမျိုးသားပညာရည်အဆင့် တိုးတက်မြင့်မားရေးဆောင်ရွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တက်ကြွစွာကြိုးပမ်း

နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ နက်ရှိုင်းကျယ်ပြန့်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုများ မဖြစ်မနေ ပြုလုပ်ကြစေရန် တွန်းအားပေး စေ့ဆော်လျက်ရှိသည်။ နိုင်ငံတိုင်းသည် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသည်။

နိုင်ငံတော်အစိုးရသည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် ယှဉ်တွဲဖြစ်ထွန်းနေစေရန်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ၊ တိုင်းရင်းသားလူမျိုးများ စုစည်းယှက်နွယ် ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး၏ ထူးခြားသည့်အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို အခြေခံထားသည့် အမျိုးသားရေးမူဝါဒများနှင့် ဖော်ဆောင်ထားသည့် ပညာရေးစနစ်တစ်ရပ် ဖြစ်လာစေရန် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မေလ ၁၀ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဌ္ဍကျင်းပသည့် ပညာရေး ဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၄ ခုနှစ် အမျိုးသားပညာရည်မြင့်မာရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာ၌–

"အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းဖော်ဆောင် မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေရန်၊ ကျောင်းသူကျောင်းသား လူငယ်များကို နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုနှင့်အညီ အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် ပညာရေးစနစ်တစ်ရပ်ဖြစ်စေရန်၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ မြန်မာ့ဓလေ့ လူမှုနှုန်းစံများကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်စေရန်နှင့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေးကို ဦးတည်သော ပညာရေးစနစ်တစ်ရပ် ဖြစ်စေရန် ဆိုသည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် အဘက်ဘက်က စနစ်တကျ စီမံဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခုအခါ ကျောင်းသူကျောင်းသား တစ်ဦးချင်း၏ ဝါသနာ၊ ဗီဇနှင့် အရည်အသွေးတို့အရ လူ့ဘောင်အဖွဲ့အစည်းနှင့် အပြန်အလှန် ဆက်စပ်အကျိုးပြုသော ပညာရပ်များ၊ တက္ကသိုလ်ပညာဆက်လက်သင်ကြားရေး သက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလယ်အလတ်လမ်းသွယ်များကို ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ အဆင့်မြင့်ပညာအဆင့်တွင် ပညာရပ်များအလိုက် အထူးပြုတက္ကသိုလ်များ ထူထောင်ပေးမှုများ၊ ပညာရပ်မျိုးကွဲများအလိုက် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပေးမှုများ စသည့် အခွင့်အလမ်းပွင့် ပညာရေးစနစ်များ ပီပီပြင်ပြင် ပေါ်ထွန်းနေပြီဖြစ်သည်။

ထို့ပြင် ဆရာကသာ သင်ကြားပို့ချပေးမှုစနစ်မှသည် ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကိုအခြေခံသည့် သင်ကြားမှုနှင့် သင်ယူမှု အပြန်အလှန်အကျိုးပြုနိုင်သော ပညာရေးစနစ်ကို ကူးပြောင်းနိုင်ခဲ့ပြီး ယင်းသင်ကြားမှု သင်ယူမှုစနစ်ကို အထောက်အကူပြုသည့် Multi-Media Classroom များ၊ Learning Centre များ၊ Resource Centre များ စသည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် သင်ကြားမှု သင်ယူမှုအရည်အသွေးကို ထူးထူးခြားခြား မြှင့်တင်ပေးနိုင်ခဲ့သဖြင့် မြို့ပြနှင့် ကျေးလက်ပညာရေး အခွင့်အလမ်းကွာဟမှုများကိုလည်း ကျဉ်းမြောင်းစေလျက်ရှိသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ပညာရေးကဏ္ဍတိုးတက်ဖြစ်ထွန်းမှုများ ပီပီပြင်ပြင် ခိုင်ခိုင်မာမာ တွေ့မြင်နေရပြီဖြစ်သည့်အလျောက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် အမျိုးသားပညာရည်အဆင့်အတန်း တိုးတက်မြင့်မားရေး တက်ညီလက်ညီဆောင်ရွက်သွားကြရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆရာနှင့် ကျောင်းသား တက်ကြွစွာ လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန် အနောက်ပိုင်းခရိုင်က ကြီးမှူး၍ မေ ၇ ရက် နံနက်က လမ်းမတော်မြို့နယ် အမှတ်(၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစောမောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေးလုပ်ငန်းကော်မတီညှိနှိုင်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၄

ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ရန်ကုန်မြို့တော်နေပြည်သူလူထုသို့ သောက်သုံးရေ ပိုမိုတိုးမြှင့်ဖြန့်ဝေနိုင်ရေးအတွက် ငမိုးရိပ်ရေလှောင်တမံမှရေကို လှော်ကားရေလှောင်ကန်သို့ သွယ်ယူဖြည့်တင်းပြီး တစ်ဆင့်ပြန်လည်ပေးဝေနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေ သွယ်ယူရေးလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်သို့ နေ့စဉ် ရေဂါလန် သန်း ၉၀ ထပ်မံဖြည့်တင်းပေးဝေနိုင်ရေး၊ ငမိုးရိပ် ပင်မတူးမြောင်းမှ အထယုကျေးရွာအထိ ရေခေါ်တူးမြောင်း သွယ်ယူရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေတွန်းစက်များ တပ်ဆင်နိုင်ရေး၊ သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရေး၊ လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးညှိနှိုင်း တင်ပြကြကြောင်း သိရသည်။

(၂၁၀)

ဆေးပဒေသာပင်စိုက်ထူ

ရန်ကုန် မေ ၁၄

မေတ္တာရေစင် ဓိဝိတဒါနလုပ်ငန်း၏ (၁၈)ကြိမ်မြောက် ကုသိုလ်ဒါနအဖြစ် ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းပွဲနှင့် ဆေးရုံသို့တက်ရောက်၍ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ချို့တဲ့ဝေဒနာရှင်များအား ကုသိုလ်ပြုလှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အရိုးအထူးကုဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မေတ္တာရေစင်အကျိုးတော်ဆောင် အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် အလှူရှင်များက ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၆၅၀၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်လှိုင်ထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက်မေတ္တာရေစင် အကျိုးတော်ဆောင် အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် အလှူရှင် ၁၅ ဦးတို့က ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြသည့် သံဃာတော်များ၊ နာတာရှည်လူနာများနှင့် ချို့တဲ့လူနာများအား တစ်ဦးလျှင် ငွေကျပ်၅၀၀၀စီ ပေးအပ်လှူဒါန်းကြသည်။**(သတင်းစဉ်)**

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁၄

၁၉၆၈–၆၉–၇၀ ခုနှစ် ဘွဲ့ရ ဘူမိဗေဒကျောင်းသူ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၉ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် နတ်ချောင်း တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

ကုသိုလ်ပါဝင်လိုသူများ ဦးမြင့်ဝေ (၁၉၆၈) ဖုန်း–၆၄၁၁၉၂၊ ဦးတင့်နောင် (၁၉၆၉) ဖုန်း–၂၂၅၅၆၉ (ရုံး)၊ ၆၄၁၉၅၀ (အိမ်)၊ ၂၂၅၀၄၄ (အိမ်)၊ ဦးတင်ကျော်သန်း (၁၉၇၀) ဖုန်း–၀၉–၅၀၀၂၅၈၁၊ ၅၃၆၀၁၉ (အိမ်)၊ ဦးခိုင်ရှင်း(၁၉၆၈) ဖုန်း–၂၉၉၃၇၂(ရုံး)၊ ဦးသိန်းဝင်း(၁၉၆၉) ဖုန်း–၅၈၀၆၂၅ (အိမ်)၊ ၆၁၀၈၀၀ (ရုံး)နှင့် ဦးမျိုးမြတ် (၁၉၇၀) ဖုန်း–၅၁၁၇၇၃ (အိမ်)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မေလ ၁၇ ရက် ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံကြီး

အောင်မိုးခံ

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးလောင်ကျွမ်းမှုဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာခဲ့ရပါတယ်။ ဒါကြောင့် ဒုတိယကမ္ဘာစစ်ကြီး အဝင်အထွက်ဒဏ်ကို နှစ်ကြိမ်တိုင် မရှုမလှခံလာခဲ့ရတဲ့ မြန်မာနိုင်ငံဟာ အခုလို ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီး လောင်ကျွမ်းမှုဒဏ်ကိုပါ ဆက်လက်ခံလာရတဲ့အတွက် သွေးအားနည်းရောဂါကပ်ငြိတဲ့ လူမမာအလား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ ဆုတ်ယုတ်ကျဆင်းလာခဲ့ရပါတယ်။ ဒီအပေါ် ဆင်ခြင်သိမြင်တဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ၁၉၈၈ခုနှစ် နိုင်ငံတော်အာဏာကို မလွဲမရှောင်သာ ရယူခဲ့ပြီးနောက် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မနားမနေ ကြိုးပမ်းတည်ဆောက်လာခဲ့ပါတယ်။ အထူးသဖြင့် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ထောင်ရေး၊ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝ မြင့်မားရေးတွေကို ဦးစားပေး ကြိုးပမ်းလာခဲ့ပါတယ်။

လွတ်လပ်ရေးသက်တမ်းတစ်လျှောက် မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင်လည်း နိုင်ငံရေး မတည်မငြိမ်ဖြစ်ပြီး စီးပွားရေး ဆုတ်ယုတ်ပျက်ပြားတဲ့အချိန်မျိုးမှာ တပ်မတော်က ဝင်ရောက်တာဝန်ယူရတာကို တွေ့နေရပါတယ်။ **ဒါကြောင့် တပ်မတော်အစိုးရတွေဟာ နိုင်ငံရေး မတည်မငြိမ်ဖြစ်ပွားမှု၊ စီးပွားရေးဆုတ်ယုတ်ပျက်ပြားမှုတွေကို လွန်မြောက်ဖို့ ကြိုးပမ်းရမြဲဖြစ်ပါတယ်။**

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ လက်နက်ကိုင် ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ကြပါတယ်။

ယခင်အစိုးရအဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ရရှိလာတာဖြစ်ပါတယ်။ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေလည်း နယ်စပ်ဒေသများပါမကျန် ဘယ်ခေတ် ဘယ်အခါနဲ့မှမတူအောင် ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ ဒါကြောင့်လည်း တည်ဆဲတပ်မတော်အစိုးရဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ပီပြင်စွာ ချမှတ်အကောင်အထည်ဖော်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။

မကြာခင်မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပတော့မယ့် အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တွင် ပထမဆုံး အခြေခံအဆင့် ပထမဆုံးခြေလှမ်းဖြစ်သလို ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးကို အဆုံးအဖြတ်ပေးမယ့် ညီလာခံကြီးလည်းဖြစ်ပါတယ်။ ဒီညီလာခံကြီးဟာ မြန်မာ့သမိုင်းမှာ အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးလည်းဖြစ်ပါတယ်။

ဒါပေမယ့် အခုလို အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးကို ရှေးရှုကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို ဆန့်ကျင်ပုတ်ခတ်နေတဲ့ အင်အားစုအချို့လည်း ရှိနေပါသေးတယ်။ ဒီအင်အားစုတွေဟာ မိမိတို့ကိုယ်တိုင်လည်း မစွမ်းဆောင်နိုင်၊ နိုင်ငံတော်အစိုးရက ကျင်းပပေးပြန်တော့လည်း ဆန့်ကျင်တယ်ဆိုရင် သင့်မြတ်ရေးလမ်းကြောင်းပေါ် ရောက်မလာဘဲ ဖြတ်သန်းလာခဲ့ရတဲ့ အဆိုးမြင်သံသရာမှာပဲ ကျင်လည်နေဦးမယ် ဖြစ်ပါတယ်။ အဲဒီလို အဆိုးမြင်လုပ်ရပ်တွေဟာ အမျိုးသားညီလာခံကြီးကိုသာမက ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းလာရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ကိုပါ ဆန့်ကျင်ဖျက်ဆီးရာရောက်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကြီးမှာ အမျိုးသားရေးကံကြမ္မာကို အမျိုးသားအင်အားစုများ စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် တူညီတဲ့ အခြေခံသဘောထားလေးရပ် လိုအပ်ပါတယ်။ ဒါတွေကတော့–

(၁) ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး လမ်းစဉ်ကို စွန့်လွှတ်ရေး၊

(၂) အမျိုးသား ပြန်လည်သင့်မြတ် စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး၊

(၃) ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာတွင် ဝေဒနာပွမ်းတီးမှု အနည်းဆုံးလမ်းဖြစ်တဲ့ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို စုပေါင်း လုံ့လပြု အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၄) ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို အဓိကဦးတည်ကြိုးပမ်းရေး။

နံပါတ်(၄)အချက်ဟာ ဒီမိုကရေစီနိုင်ငံတစ်ရပ် ထူထောင်ရာတွင် အခြေခံကျတဲ့ လူမှုဘဝ လိုအပ်ချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့–

> "စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်း တက်လှမ်းရေးရဲ့ အဆင့်အတန်း အမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်။ လူ့သမိုင်းဟာ လူတွေရဲ့ စားဝတ်နေရေး ကုန်ထုတ်လုပ်ရေး သမိုင်းသာဖြစ် တယ်။ လူတွေရဲ့ နှလုံးသည်းပွတ်ဟာ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးဖြစ်တယ်။ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးရင် ဖွံ့ဖြိုးသလောက် ကျန်တဲ့ လူမှု နယ်ပယ်တွေဟာလည်း ကျယ်ပြန့်ဝေဆာ တိုးတက်လာတယ်။ လူ့အခွင့်အရေး ရှိတယ်၊ မရှိဘူးဆိုတာနဲ့ ပတ်သက်လို့ သက်ဦးဆံပိုင်စနစ်လက်အောက်မှာ လူတွေဟာ သူ့ကိုယ်သူမပိုင်ဘူး၊ ဒီတော့ လူ့အခွင့် အရေး ရလိုက်တယ်ဆိုရင် သူ့ကိုယ်သူပိုင်တယ်၊ သူ့ထွက်ကုန် ပစ္စည်းတွေကိုလည်း (သက်ဦးဆံပိုင် တွေကို ပေးစရာ မလိုတော့ဘဲ)သူအကုန်ပိုင်တယ်၊ သူအကုန်ယူတယ်၊ ဒီကရတဲ့အမြတ်နဲ့ တိုးချဲ့ပွားစီး အရင်းအနှီး ပြန်စိုက်တယ်၊ ထုတ်လုပ်ရေးနဲ့တိုးချဲ့ ထုတ်လုပ်ရေးတွေကို မနားမနေလုပ်ဆောင်ပြီး လူ့အခွင့်အရေးဟာ စကြဝဠာကို စိုးမိုးလာတယ်"

ဆိုတဲ့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားကြောင့် ဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတကာမှာ ဒီမိုကရေစီ ထူထောင် ကူးပြောင်းလာတဲ့ နိုင်ငံတွေကို လေ့လာမယ်ဆိုရင်လည်း စီးပွားရေး ခြေလှမ်းမမြဲခင် နိုင်ငံရေးလွတ်လပ်မှုတွေကို ရှေ့တန်းတင်ဖွင့်ပေးလိုက်တဲ့ နိုင်ငံတွေမှာ လူမှုဒုက္ခတွေ မရှုမလှ ကြုံတွေ့လာရပြီး စီးပွားခြေလှမ်းမြဲအောင် ဦးစွာကြိုးပမ်းပြီး နိုင်ငံရေး လွတ်လပ်ခွင့်တွေနဲ့ ပေါင်းစပ်ထူထောင်နေတဲ့ နိုင်ငံတွေမှာ တည်ငြိမ်စွာ ပြောင်းလဲတိုးတက်နေမှုက သက်သေပြနေပါတယ်။

ဒါကြောင့် အခြေခံအားဖြင့် အမျိုးသားရေး အကျိုးစီးပွားဟာ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုအပေါ်မှာ တည်ပါတယ်။ စီးပွားရေးပိတ်ဆို့အရေးယူမှုဟာ လူ့အခွင့်အရေးဖောက်ဖျက်မှုသာ ဖြစ်ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးမှ နိုင်ငံတော် တည်ငြိမ်အေးချမ်းမယ်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှသာ ပွားစီးတိုးတက်တဲ့ ထုတ်လုပ်ရေးတွေလုပ်နိုင်မယ်၊ ဒါမှသာ ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာမယ်ဆိုတဲ့ အမျိုးသားရေးကံကြမ္မာကို လာမယ့် မေလ ၁၇ ရက်နေ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်နဲ့အညီ တစ်စိတ်တစ်ဝမ်းတည်း ဖန်တီးဆုံးဖြတ်သွားနိုင်ပါရန် အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် တူညီတဲ့အခြေခံသဘောထားလေးရပ်လိုအပ်

(၁) ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်ကို စွန့်လွှတ်ရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး၊

(၃) ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ဝေဒနာပွမ်းတီးမှု အနည်းဆုံးလမ်းဖြစ်တဲ့ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို စုပေါင်းလုံ့လပြု အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၄) ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးတည်ကြိုးပမ်းရေး။

အီရာတ်ကို ကန်နှင့်အပေါင်းပါ တို့ကျူးကျော်မှုအဆုံးသတ်ရေး ရုရှား၊ ပြင်သစ်နှင့် အခြားနိုင်ငံများက လိုလားလျက်ရှိ

ကုလသမဂ္ဂ မေ ၁၃

အီရာတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်ထားမှု အဆုံးသတ်ရေးအတွက် ကုလသမဂ္ဂ၏ ဆုံးဖြတ်ဆောင်ရွက်မှု တစ်စုံတစ်ရာ မပြုလုပ်မီ အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရာတ်တို့၏ အနာဂတ်အရေးကိစ္စရပ်များကို ပြောဆိုလုပ်ဆောင်နိုင်ရန် ထိရောက်စွာဆောင်ရွက်ပေးရန် ရုရှား၊ ပြင်သစ်နှင့် အခြားနိုင်ငံများက လိုလားလျက်ရှိကြောင်း သံတမန်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရာတ်တို့အား လာမည့် ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် လုပ်ဆောင်ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၁၅ နိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် ပြောဆိုဆွေးနွေးမှု အများအပြားပြုလုပ်ရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများကို အခြားနိုင်ငံများကလည်း တောင်းဆိုထားသည်။

ပြီးခဲ့သည့်နှစ် မတ်လက အီရာတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတို့က စစ်ပွဲဆင်နွှဲခဲ့ခြင်းအပေါ် ပြင်သစ်၊ ရုရှား၊ ဂျာမနီ၊ တရုတ်နှင့် အခြားနိုင်ငံများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရာတ်အရပ်သားများကို ဗြိတိသျှတပ်ဖွဲ့က သတ်ဖြတ်ခဲ့မှု မစုံစမ်းသည့်အပြင် လျော်ကြေးလည်းမပေးခဲ့

လန်ဒန် မေ ၁၂

ဗြိတိန်တပ်ဖွဲ့များသည် အီရာတ်ပြည်သူများအား သတ်ဖြတ်ခဲ့သည်ဆိုသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက ပြောကြားချက်ကြောင့် ထိုကိစ္စနှင့်ပတ်သက်သူများအား ပြင်းပြင်းထန်ထန် အရေးယူမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းက ပြောကြားခဲ့သည်။

အီရာတ်တောင်ပိုင်းတွင် ဗြိတိန်တပ်ဖွဲ့များဝင်များအား ဘေးအန္တရာယ်မပေးနိုင်သော အရပ်သားများအား သတ်ဖြတ်ခဲ့ကြောင်း အဆိုပါ နိုင်ငံတကာအဖွဲ့အစည်းတစ်ခု၏ အစီရင်ခံစာ၌ စွပ်စွဲထားသည်။ ဗြိတိန်တပ်ဖွဲ့ဝင်များသည် ကလေးငယ်တစ်ဦးအပါအဝင် လက်ထပ်ပွဲ တက်ရောက်လာသော အပြစ်မဲ့သူများအား သတ်ဖြတ်ခဲ့ကြောင်းနှင့် ဗြိတိန် စစ်ထောက်လှမ်းရေးအဖွဲ့က အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးခဲ့ခြင်း မရှိကြောင်း၊ သေဆုံးသူ၏ မိသားစုဝင်များအားလည်း လျော်ကြေးပေးခဲ့ခြင်း မရှိကြောင်း ဖော်ပြထားသည်။

ဝန်ခံ

အရပ်သား ၃၇ ဦးသေဆုံးမှုတွင် ဗြိတိန်စစ်ဘက် ပါဝင်ပတ်သက်မှုရှိကြောင်းကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဝန်ခံခဲ့သည်။ ထိုအဖွဲ့၏ အစီရင်ခံစာသည် အီရာတ်အကျဉ်းသားများအား နှိပ်စက်မှုနှင့်ပတ်သက်ပြီး နောက်တစ်နေ့တွင် ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရာတ်အကျဉ်းသားများကိုနှိပ်စက်သည့် ဓာတ်ပုံအသစ်များ လူထုသို့ ထုတ်ပြန်ပြီးသော ဓာတ်ပုံများထက် ပိုမိုဆိုးရွားနေ

မေ ၁၃ ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရာတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဝါရှင်တန် မေ ၁၃

အီရာတ်အကျဉ်းသားများကို မတရားနှိပ်စက်သည့် ဓာတ်ပုံအသစ် ရာပေါင်းများစွာအနက် အချို့ဓာတ်ပုံများသည် လူထုသို့ ထုတ်ပြန်ခဲ့ပြီးသော ဓာတ်ပုံများထက် ပိုမိုဆိုးရွားသည်ဟု တက္ကဆက်အထက်လွှတ်တော်အမတ် ကေးဘေလီ ဟတ်ချီဆင်က ပြောကြားလိုက်သည်။

တက္ကသိုလ် အထက်လွှတ်တော် အမတ် ဟတ်ချီဆင်နှင့် အခြား အထက်လွှတ်တော် အမတ်များသည် ဓာတ်ပုံများကို အမေရိကန် အောက်လွှတ်တော်အဆောက်အအုံ၌ တံခါးပိတ် သုံးသပ်ခဲ့ကြသည်။

ကိုက်ညီ

ဓာတ်ပုံအများအပြားမှာ လူထုဆက်သွယ်ရေးက ထုတ်ပြန်ပြီးသော၊ လွှင့်ထုတ်ပြီးသော ဓာတ်ပုံများနှင့် ကိုက်ညီကြောင်း ဟတ်ချီဆင်နှင့် အထက်လွှတ်တော်အမတ် ဂျွန်ကော်နင်က ပြောကြားသည်။

ယင်းမတရားနှိပ်စက်မှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ခြင်းကြောင့် ဓာတ်ပုံများနှင့်စပ်လျဉ်း၍ ဟတ်ချီဆင်နှင့် ကော်နင်တို့က အသေးစိတ်မပြောဘဲထားသည်။

ပါဝင်

ဓာတ်ပုံအချို့တွင် မတရားနှိပ်စက်မှုနှင့် မပတ်သက်သော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များပါဝင်နေကြောင်း သိရသည်။

(အင်တာနက်)

ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရ၍ ကန်တပ်ဖွဲ့ဝင် ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၃

ကာဘာလာမြို့၌ အမေရိကန်တို့က အီရာတ်ခေါင်းဆောင် အယ်ဆာဒါအား နှိမ်နင်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဗုဒ္ဓဟူးနေ့က ဒုံးပစ်လောင်ချာဖြင့် ခုခံပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရ

အီရာတ်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကယ်ကွတ်မြို့အနီး ဈေးတစ်ခု၌ လက်လုပ်ဗုံးများ၊ ဒုံးကျည်များ၊ ပေါက်ကွဲစေတတ်သော လောင်စာရည်စည်များဖြင့် တိုက်ခိုက်မှုကြောင့် အီရာတ်အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့သည်။ မည်သည့်အဖွဲ့၏ လက်ချက်ဆိုသည်ကို မသိရှိရသေးဘဲ ဆာမာဝါမြို့ရှိ အီရာတ်ရဲစခန်းလည်း ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကာ ရဲစခန်းအဆောက်အအုံ ပျက်စီးပြီး အီရာတ်ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။ **(စီအင်န်အင်န်)**

အီရာတ်အကျဉ်းသားနှိပ်စက်မှုနှင့်ဆိုင်သည့် မေးခွန်းများ ရွေးကောက်ပွဲဝင်မည့် ဘုရှ်အတွက် အခက်ကြုံနေ

ဝါရှင်တန် မေ ၁၃

အမေရိကန်သမ္မတ ဘုရှ်အစိုးရအဖွဲ့သည် အီရာတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုပြဿနာနှင့်ရင်ဆိုင်နေရစဉ် အပြစ်တင်မခံရဘဲ သိက္ခာဆယ်နိုင်ရေးအတွက် အပြင်းအထန်ကြိုးစားနေရသည်။ နှိပ်စက်ညှဉ်းပန်းသည့်ဓာတ်ပုံများ ဆက်လက်ထွက်နေဆဲဖြစ်ကာ စုံစမ်းစစ်ဆေးမှုများမှ ပေါ်ပေါက်လာမည့်မေးခွန်းများသည်လည်း ပြန်လည်ရွေးကောက်ခံရရေး လုံးပန်းနေသော သမ္မတဘုရှ်အတွက် အခက်ကြုံနေသည်။

အဆိုပါအမှုကို စစ်ဆေးသူ ဗိုလ်ချုပ်တာဂူဘာက အကျဉ်းထောင်တွင်း ဖြစ်ရပ်များတွင် ဆောင်ရွက်သူ တပ်ဖွဲ့ဝင်များကို အပြစ်တင်ခဲ့သော်လည်း ဝေဖန်သူများကမူ ကာကွယ်ရေးဝန်ကြီးအနေဖြင့် ရာထူးမှနုတ်ထွက်သင့်ကြောင်း ပြောကြားနေကြသည်။

ကနဦးကာလ

သမ္မတဘုရှ်အစိုးရအဖွဲ့မှ ထိပ်တန်းအရာရှိများက ယခုဖြစ်ရပ်များသည် သီးခြားဖြစ်ရပ်များသာဖြစ်ကြောင်း ပြောဆိုနေကြသော်လည်း နောက်ထပ်ထွက်ပေါ်လာမည့် ဓာတ်ပုံများကြောင့် ယခုတွေ့ကြုံနေရသော အိမ်ဖြူတော်၏အခက်အခဲသည် ခန့်မှန်းမရနိုင်သော အကျပ်အတည်းကာလ၏ ကနဦးပိုင်းကာလ၌သာ ရှိနေသေးကြောင်း သိရသည်။ (စီအင်န်အင်န်)

ပျက်စီး

မေ ၁၃ ရက်က ဘဂ္ဂဒက် မြောက်ဘက် အဝေးပြေးလမ်းမတစ်ခုတွင် အီရာတ်ပြောက်ကျားတို့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အကျဉ်းသားများအား မတရားနှိပ်စက်မှုဖြင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦးကို တရားစွဲ ခုံရုံးတင်

ဝါရှင်တန် မေ ၁၃

မတရားညှဉ်းပန်းနှိပ်စက်မှုကို နောက်ထပ်သိသာထင်ရှားစေသော မထုတ်ပြန်သေးသည့် ဓာတ်ပုံများကို သုံးသပ်ရန် အမေရိကန်အထက်လွှတ်တော်အမတ်များက ယနေ့စီစဉ်ချိန်တွင် အီရာတ်ရှိ အဘူဂါရိုပ်အကျဉ်းထောင်၌ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို စစ်ခုံရုံးတင်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းတပ်ဖွဲ့ဝင်နှစ်ဦးသည် ထိုးကြိတ်ရိုက်နှက်မှု၊ တာဝန်ပျက်ကွက်မှုနှင့် လက်အောက်ငယ်သားများ မတရားနှိပ်စက်မှုတွင် ပူးပေါင်းလုပ်ဆောင်ခြင်းတို့အပါအဝင် ပြစ်မှုငါးခုဖြင့် တရားစွဲခြင်းခံရမည်ဟု ဗိုလ်မှူးချုပ် တင်မ်မစ်က သတင်းထောက်များကို ပြောကြားသည်။ တရားစွဲဆိုခြင်းခံရသော အဆိုပါတပ်ဖွဲ့ဝင်နှစ်ဦးမှာ တပ်ကြပ် ဂျာဗာအက်စ်ဒေးဗစ်နှင့် အိုင်ဗင်အယ်လ်ဖရက်ဒရစ်တို့ဖြစ်သည်ဟု ဆိုသည်။

အဘူဂါရိုပ်အကျဉ်းထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရာတ်အကျဉ်းသားများအား မတရားနှိပ်စက်မှုသတင်းကိုပေါက်ကြားခဲ့သဖြင့် အီရာတ်တို့၏ ယုံကြည်ကိုးပမ်းတည်ဆောက်နေသော အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုများ လျော့ကျစေခဲ့သည်။ **(အင်တာနက်)**

15-5 (04).p65 1 03/24/1905, 11:28 PM

အီရတ်၌ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး လက်ပစ်ဗုံးထိမှန်သေဆုံးခဲ့မှု

တပ်ဖွဲ့ဝင်များ၏လုံခြုံရေးအတွက် ဒတ်ချ်ဝန်ကြီးချုပ် စိုးရိမ်ပူပန်မှုတိုးပွားလာ

အမ်စတာဒမ် မေ ၁၃

ဇူလိုင်လနောက်ပိုင်း၌ အီရတ်တွင် ဒတ်ချ်တပ်ဖွဲ့ဝင်များထားရှိမည်၊ မထားရှိမည်ကိုမဆုံးဖြတ်မီ ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌သေဆုံးခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဒတ်ချ်ဝန်ကြီးချုပ်သည် တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစိုးရိမ်ပူပန်မှုများ တိုးပွားလာခဲ့ပြီး ပြည်ပ၌အပန်းဖြေမှုကို အင်္ဂါနေ့က ချုံ့ပစ်လိုက်သည်။

တနင်္လာနေ့ညပိုင်း၌ အဆိုပါ ဒတ်ချ်တပ်ဖွဲ့ဝင်သေဆုံးခဲ့ပြီးနောက် အီရတ်၌ရှိသော ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀၏ လုံခြုံရေး စိုးရိမ်မှုများတိုးလာကာ ဒတ်ချ်ဝန်ကြီးချုပ် ဂျန်ပီတာဘော့လ်ကန်နင်ဒီသည် သူ၏နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများနှင့်တွေ့ဆုံရန် နယ်သာလန်နိုင်ငံသို့ ပြန်ခဲ့သည်။

ဗုံးဖြင့်တိုက်ခိုက်

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့တွင် လက်ပစ်ဗုံးဖြင့်တိုက်ခိုက်ရာတွင် အဆိုပါဒတ်ချ်လူမျိုးတပ်ကြပ်ကြီး သေဆုံးခဲ့ရာ ဘော့စနီးယားစစ်ပွဲဖြစ်ချိန် ၁၉၉၅ ခုနှစ်မှစပြီး တိုက်ပွဲ၌ ပထမဆုံးသေဆုံးသော ဒတ်ချ်တပ်ဖွဲ့ဝင်ဖြစ်သည်။ ဒတ်ချ်တပ်ဖွဲ့ဝင် သေဆုံးသည့်အတွက် ဝန်ကြီးချုပ်သည် တုန်လှုပ်ချောက်ချားခဲ့ကြောင်း အစိုးရအဖွဲ့ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စိုးရိမ်ပူပန်

လွန်ခဲ့သည့်လ၌ ဆာမာဝါရှိ ဒတ်ချ်စစ်အခြေစိုက်စခန်းအနီးသို့ အမြောက်ကျည်ဆန်တစ်လုံး ကျရောက်ခဲ့ရာ အီရတ်ရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များလုံခြုံရေးကို ဒတ်ချ်နိုင်ငံက စိုးရိမ်ပူပန်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေးစောင့်ကြပ်

မေ ၁၃ ရက်က ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်း အပြင်ဘက်၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ဖိအားပေးမှုကို အလျှော့မပေးဟု

ဆီးရီးယားဝန်ကြီးချုပ် အာခံပြောကြား

ဒမတ်စကတ် မေ ၁၂

ဆီးရီးယားနိုင်ငံသည် အစွန်းရောက်ဆန့်ကျင်သော အုပ်စုများအား ထောက်ခံခြင်းအတွက် အမေရိကန်ပြည်ထောင်စုက နောက်ထပ် စီးပွားရေးပိတ်ဆို့မှုများမလုပ်မီ နိုင်ငံခြားဖိအားပေးမှုများကို အလျှော့ပေးမည်မဟုတ်ကြောင်း ကြာသပတေးနေ့က ပြောင်ပြောင်တင်းတင်း အာခံပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံသည် စိန်ခေါ်မှုအားလုံးကို ညီညီညွတ်ညွတ်နှင့် ရင်ဆိုင်ဖြေရှင်းခဲ့ကြောင်း၊ ဆီးရီးယား၏ အခြေခံရပ်တည်ချက်များ ထိခိုက်စေရန်အတွက် ဆီးရီးယားအပေါ် နိုင်ငံခြားဖိအားပေးမှုများကို ကျင့်သုံးခဲ့ကြောင်း အပတ်စဉ် ဝန်ကြီးများအစည်းအဝေးတွင် ဆီးရီးယားဝန်ကြီးချုပ်၏ ပြောဆိုချက်များကို အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

ကျော်လွှားနိုင်

ဆီးရီးယားနိုင်ငံသည် စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိပြီး ၎င်းတို့၏ ရိုက်ခတ်မှုများကို ကျော်လွှားနိုင်သောနိုင်ငံဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

အမေရိကန် သမ္မတဘုရှ်က ဆီးရီးယားနိုင်ငံအား အကြမ်းဖက်ဝါဒကို ထောက်ခံကြောင်းနှင့် ပြောက်ကျားများ အီရတ်နိုင်ငံအတွင်းသို့ဝင်ရောက်နေမှုကို တားဆီးပိတ်ပင်ရန် ပျက်ကွက်ကြောင်း စွပ်စွဲချက်များဖြင့် ဆီးရီးယားနိုင်ငံအား ကြာသပတေးနေ့တွင် စီးပွားရေးပိတ်ဆို့ မှုပြုလုပ်မည်ဖြစ်ကြောင်း ဝါရှင်တန်တွင်ထုတ်ပြန်သော သတင်းများက ရေးသားဖော်ပြခဲ့ကြသည်။

ထိခိုက်

ဆီးရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုသည် အာရပ်နိုင်ငံများထက် အမေရိကန်၏ အကျိုးစီးပွားကိုသာ ပိုမိုထိခိုက်လိမ့်မည်ဖြစ်ကြောင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၃၀၀ခန့်ထိခိုက်လိမ့်မည်ဟု ဆီးရီးယားက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ မတရားနှိပ်စက်ခံရသူများတွင် ကလေးများလည်းပါဝင်ဆိုမှု

အကြီးအကျယ်တုန်လှုပ်ချောက်ချားရကြောင်း ယူနီဆက်ပြောဆို

ဂျိနီဗာ မေ ၁၃

အီရတ်တွင် ဖမ်းဆီးထားသူများ မတရားနှိပ်စက်ခံရရာတွင် ကလေးများလည်း ပါဝင်ဖွယ်ရှိကြောင်း စွပ်စွဲထားသည့်သတင်းများကြောင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အဆိုပါ သတင်းများကို အခိုင်အမာ မဖော်ပြခဲ့သော်လည်း မည်သို့ပင်ဖြစ်ဖြစ် တုန်လှုပ်ချောက်ချားစေခဲ့သည်ဟု ဂျိနီဗာ၌ထုတ်ပြန်သော ယူနီဆက်ကြေညာချက်တွင် ဖော်ပြထားသည်။

ချိုးဖောက်

ကလေးများ၏ ပိုင်ဆိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းအပါအဝင် မည်သည့်မတရားနှိပ်စက်မှုမဆို နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

သတိပေး

ကလေးတစ်ဦးကို ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် အကျဉ်းချထားခြင်းကို နောက်ဆုံး မတတ်သာသည့် အခြေအနေမျိုး၌သာ အသုံးပြုရမည်ဖြစ်ပြီး သင့်လျော်သော အတိုတောင်းဆုံး အချိန်ကာလဖြစ်ရမည်ဟု နယူးယောက်အခြေစိုက် ယူနီဆက်ဖ်အဖွဲ့က သတိပေးထားသည်။

ဖော်ပြ

ကလေးငယ်များ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ကလေးငယ်များကို လူကြီးများနှင့်အတူ မည်သည့်အခါမျှ အကျဉ်းချထားရမည်မဟုတ်ဘဲ ဆေးဝါးကုသမှုအပြင် အခြားသင့်လျော်သော အထောက်အကူကိုသုံးစွဲရန် ချက်ခြင်းအခွင့်အလမ်းရရှိမည်ဖြစ်သည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဖမ်းဆီးထားခြင်း ခံထားရသူများအားလုံးကို လူသားချင်းစာနာသည့်စိတ်ဓာတ်ဖြင့် ပြုမူဆက်ဆံရမည်ဖြစ်သည့်အပြင် လူသားအဖြစ် ၎င်းတို့၏ ဂုဏ်သိက္ခာကို လေးစားရမည်ဟု ယူနီဆက်ဖ်က ထပ်လောင်းသတင်းပေးသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန် ကန်ထရိုက်တာအားသတ်ဖြတ်ခဲ့မှု

အီရတ်အကျဉ်းသားများကိစ္စ တုံ့ပြန်ခြင်းဖြစ်ဟုဆို

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံနေရသော အမေရိကန် ကန်ထရိုက်တာများအနက် နီကိုလပ်စ်ဘာ့ဂ်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဘာ့ဂ်၏ ရုပ်အလောင်းသည် ယခုအခါ ကူဝိတ်နိုင်ငံ၌ ရောက်ရှိနေပြီဖြစ်ပြီး မကြာမီ အမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ကြေညာ

နီကိုလ်စ်ဘာ့ဂ်ကို ဖမ်းဆီးထားသော အဖွဲ့က ယင်းသတ်ဖြတ်မှုသည် အီရတ်အကျဉ်းသားများကိစ္စနှင့်ပတ်သက်ပြီး တုံ့ပြန်ချက်တစ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နီကိုလပ်စ်ဘာ့ဂ်သည် ဧပြီ ၉ ရက်၌ တိုက်ခိုက်ခံရချိန်ကစပြီး ပျောက်ဆုံးသွားခြင်းဖြစ်သည်။

၎င်းအဖွဲ့က အဘူဂါရိပ် အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသော အီရတ်အမျိုးသား အမျိုးသမီးများ၏ ဂုဏ်သိက္ခာဆယ်ရန်မှာ သွေးဖြင့်ပေးဆပ်ရန်သာဖြစ်ကြောင်း ပြောကြားခဲ့ပြီး သတ်ဖြတ်မှုများ ဆက်တိုက်ပြုလုပ်မည်ဖြစ်ကြောင်းလည်း ကတိပြုပြောကြားခဲ့သည်။

သတ်ဖြတ်မှုကို အဘူမူဆက် ဇာကာဝီက ပြုလုပ်ခဲ့ကြောင်း၊ ဇာကာဝီသည် အီရတ်၌ ဖြစ်ပွားသောဗုံးခွဲမှုများနှင့် ဂျော်ဒန်၌ အမေရိကန်သံတမန်ကို သတ်ဖြတ်မှုအတွက် အမေရိကန် ထောက်လှမ်းရေးက အလိုရှိခဲ့သည်။

(စီအင်န်အင်န်)

မေ ၁၃ ရက်က ဖော်လူဂျာမြို့အနီးတွင် အီရတ်ပြောက်ကျားတို့ ပစ်ခတ်တိုက်ခိုက်မှုကို စစ်ယာဉ်တစ်စီးပေါ်မှနေ၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြန်လည်ပစ်ခတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

မေ ၁၁ ရက်က အမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသောအိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာတွင် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ် တစ်ဦး မေ ၁၀ ရက်က နာဂျက်ဖ်မြို့ဆေးရုံ၌ ဆေးကုသမှု ခံယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားရာတွင် ဒဏ်ရာရရှိခဲ့သည့် သားဖြစ်သူကို မိခင်ဖြစ်သူက ဝမ်းနည်းကြေကွဲစွာ ကြည့်ရှုနေသည်ကို မေ ၁၃ ရက်က ကာဘာလာမြို့ဆေးရုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် ဝမ်းဗိုက်၌ ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးကုသမှု ခံယူနေရသဖြင့် ဖခင်ဖြစ်သူက ကြေကွဲစွာ နှစ်သိမ့်အားပေးနေသည်ကို မေ ၁၀ ရက်က နာဂျက်ဖ်မြို့ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာ ရရှိခဲ့သော အီရတ်ကလေးငယ် တစ်ဦးကို ဆေးကုသမှု ခံယူရန် မေ ၁၀ ရက်က နာဂျက်ဖ်မြို့ ဆေးရုံသို့ မိဘများက ပွေ့ချီလာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၂ ရက်က ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များ၊ တင့်ကားများနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘေးလွတ်ရာသို့ အထုပ်အပိုးများနှင့် ထွက်ပြေးတိမ်းရှောင်လာသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင်မြန်ပြည်တစ်ခွင်



မကွေးတိုင်း အောင်လံမြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုဘဝ မြင့်မားတိုးတက် အဆင်ပြေစေရေးအတွက် မိုးကောင်းကျေးရွာ၌ စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေအိမ်ကို ဤသို့ဆောက်လုပ် ပေးထားသည်။

မြစ်ရေတင်စီမံကိန်း

ကရင်ပြည်နယ် ဘားအံမြို့နယ် တရုတ်လှစံပြကျေးရွာတွင် ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေရရှိရေးအတွက် လျှပ်စစ် မြစ်ရေတင်စီမံကိန်းကို နိုင်ငံတော်က ဤသို့ဆောင်ရွက်ပေးထားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးအတွက် တည်ဆောက်ထားသော လွယ်တော်ခမ်းတံတားကို တွေ့ရစဉ်။
(ဓာတ်ပုံ-တင်စိုး)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကောင်းခါးဒေသတွင် ဒေသခံတိုင်းရင်းသားပြည်သူများ စိုက်ပျိုးထားသော ဧက ၈၀ရှိသည့် ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဒေသနှင့်ကျေးလက်နေ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျိုင်းတုံမြို့တွင် တည်ဆောက်ထားသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း အဆောက်အအုံကို တွေ့ရစဉ်။

နယ်စပ်နှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဝန်ကြီးများ၏ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များအား တွေ့ဆုံမှာကြားသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမျိုးသမီးရေးရာအကြံပေးပုဂ္ဂိုလ်များအားတွေ့ဆုံမှာကြား

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝန်ကြီးများ၏ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များအား တွေ့ဆုံမှာကြားသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် အမှုဆောင်များ၊ ဝန်ကြီးများ၏ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက ဝန်ကြီးဌာနများရှိ အမျိုးသမီးဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီးများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ်လျှောက်ထားလိုပါက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အကြံပေး ပုဂ္ဂိုလ်များက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးအဆောက်အအုံအတွင်း လိုက်လံကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၄

(၅၆)ကြိမ်မြောက် တိပိဋကရေရွေးချယ်ရေးစာမေးပွဲကြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဓမ္မဘဏ္ဍာ ကောဒသမ (၁၁)ပါးမြောက် ပေါ်ထွန်းလာသော တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလအရှင်သူမြတ်အား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)က ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၃၀ ရက်(တနင်္ဂနွေ)နေ့ နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်များသည် ဦးချမ်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၅၁၃၄၆၂၊ ၅၅၇၅၉၇၊ ဦးသန်းနိုင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၅၁၃၉၅၊ ၅၄၃၂၈၂၊ ဦးအောင်ကျော်ဦး(အတွင်းရေးမှူး) ဖုန်း-၀၉၅၀-၁၄၂၆၄နှင့် ဒေါ်မြတင်(ဘဏ္ဍာရေးမှူး) ဖုန်း-၂၅၄၂၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်ဖိတ်ခေါ်

ရန်ကုန် မေ ၁၄

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည်မြန်မာပြည်"ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ X၁၂ လက်မထက်မငယ်သော အရွယ်အစား(Print)ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပူးတွဲပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ(Caption)အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) ၂၂-၂၄၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် အောက်တိုဘာ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင်ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၄ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

ရန်ကုန် မေ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၀၄) ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မီးသတ် သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် စံပြဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် မီးသတ်ပညာထူးချွန်ဆု ရရှိသူများအား ဆုများ ချီးမြှင့်သည်။

အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၀၄)သို့ သင်တန်းသား ၉၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၂ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ နမ့်လတ်ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိရာ ခေတ္တစခန်းမန်နေဂျာ ဦးခွန်ကျော်စိန်က စခန်း၏အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက စခန်းကိုလိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် တောင်ကြီးမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာပြည်နယ်ဦးစီးအရာရှိ ဦးသောင်းမြင့်က ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မူလတန်းကြိုပညာရေးနှင့်ပတ်သက်၍တောင်ကြီးမြို့ မူလတန်းကြိုကျောင်းမှ ခေတ္တကျောင်းအုပ် ဒေါ်နိုင်ဝင်းမော်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်နယ်မီးသတ်ဦးစီးဌာနသို့ ရောက်ရှိရာ ပြည်နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်တောင်ကြီးမြို့ မူးယစ်ဆေးစွဲ သူများကုသရေးဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကြည် စိန်နှင့် မူးယစ်ဆေးရုံတာဝန်ခံ ဒေါက်တာ ဇော်ဇော်လွင်တို့က ဆေးရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ ပရဟိတအမျိုးသမီးရိပ်သာသို့ သွားရောက်၍ အဝတ်အထည်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မေ ၁၃ ရက်တွင် ရွှေပြည် အေးလူငယ်များပြုစုပျိုးထောင်ရေးဌာနသို့ ရောက်ရှိရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများကို တင်ပြကြသည်။

ထိုမှတစ်ဆင့်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ မူလတန်းကြို ကျောင်းသို့ရောက်ရှိရာ ခေတ္တပြည်နယ်ဦးစီးမှူးဒေါ်ဝင်းဝင်းမာက ပြည်နယ်လူမှုဝန်ထမ်းလုပ်ငန်းရပ်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်မီးသတ် ဦးစီးဌာနသို့ရောက်ရှိရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြသန်းက လုပ်ငန်းဆောင်ရွက်ချက် အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့ပရဟိတဂေဟာသို့ သွားရောက်၍ အဝတ်အထည်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရသည်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရှေးရှု အမျိုးသားညီလာခံသို့စုံညီတက်ရောက်စေလိုသောဆန္ဒမွန်ဖြင့်စီစဉ်ထား တောင်းဆိုသောအချက်များမှာမဖြစ်နိုင်မှန်းသိလျက်တမင်တောင်းဆိုခဲ့ အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့်အေးအေးချမ်းချမ်းဖြစ်ထွန်းစေရန်အလေးထား

မူဝါဒလမ်းစဉ်(၇)ရပ်၏ပထမအဆင့်ဖြစ်သောအမျိုးသားညီလာခံကိုအောင်အောင်မြင်မြင်ဖြစ်အောင်ဆက်လက်ကျင်းပသွားမည်

ရန်ကုန် မေ ၁၄

၂၀၀၄ခုနှစ် မေလ ၁၄ရက်နေ့ နေ့လယ်ပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံသို့ တက်ရောက်မည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံသို့ ဦးအောင်ရွှေ ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၈၆ယောက် တက်ရောက်ခဲ့ပါသည်။ အမျိုးသားညီလာခံကျင်းပနေဆဲကာလ ၁၉၉၅ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အားလုံးသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိုတောင်းဆိုပြီး ၎င်းတို့တောင်းဆိုချက်မရမချင်း ညီလာခံသို့ တက်ရောက်ခြင်းမပြုဘဲ စောင့်ဆိုင်းနေမည်ဟု အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံ စာဖြင့်ရေးသားတင်ပြပြီး ညီလာခံမှစွန့်ခွာခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များသည် ညီလာခံ၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို လျစ်လျူရှုပြီး တစ်ဖက်သတ် ဆောင်ရွက်ခဲ့ကြသဖြင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အမျိုးသား ညီလာခံ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အဖြစ်မှ ရုပ်စဲခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှု၍ ယခု ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တက်ရောက်နိုင်ရန် ဖိတ်ကြား ခဲ့ပါသည်။ အမှန်စင်စစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသား ညီလာခံသို့ ပြန်လည်တက်ရောက်လိုပါက အမျိုးသားညီလာခံသို့ တက်ရောက် ခွင့်ပြုရန် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားချက်ရရှိမှသာ နိုင်ငံတော်အစိုးရအနေဖြင့် စဉ်းစားဆုံးဖြတ်ရမှာဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ညီလာခံသို့ တက် ရောက်စေလိုသော စိတ်စေတနာမှန်ဖြင့်လည်းကောင်း၊ အမျိုးသားညီလာခံသို့ စုံစုံညီညီ တက်ရောက်စေလိုသော ဆန္ဒမွန်ဖြင့်လည်းကောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံတက်ရောက်ခွင့်ရရှိရေး ပြန်လည်လျှောက် ထားမှုမရှိသော်လည်း ညီလာခံတက်ရောက်ရန် ဖိတ်စာများပေးပို့ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အမျိုးသားညီလာခံသို့တက်ရောက်ရန် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စားလှယ် ငါးယောက်နှင့် အရွေးချယ်ခံကိုယ်စားလှယ်အဖွဲ့ ကိုယ်စားလှယ် ၄၉ယောက် စုစုပေါင်း ၅၄ ယောက်တက်ရောက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယနေ့ထုတ်ပြန်သော ကြေညာချက်တွင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို လွတ်လပ်စွာသွားလာခွင့်မရရှိခြင်း၊ ရုံးခန်းများဖွင့်မပေးခြင်း အစရှိသည့် အကြောင်းအမျိုးမျိုးဖော်ပြသည့်အပြင် အမျိုးသားညီလာခံကို မယုံကြည်သောကြောင့် အမျိုးသားညီလာခံသို့မတက် ရောက်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေသည် တာဝန်ရှိသူ များက လေးလေးစားစား အိမ်တိုင်ရာရောက် ဖိတ်ကြားလွှာသွားရောက်ပေးပို့ စဉ်ကပင် ဖိတ်ကြားလွှာကို လက်ခံရယူခဲ့ခြင်းမရှိခဲ့ပါ။ ၎င်းတို့ဖော်ပြတောင်းဆို သောအချက်များမှာ မဖြစ်နိုင်မှန်းသိလျက်နှင့်တမင်တောင်းဆိုခဲ့ပြီး တောင်းဆို မှုမရသောကြောင့် ညီလာခံမတက်ဟု အကြောင်းပြကြေညာခြင်းသာဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လိုလားချက်များကို ပြေလည်အောင် အတတ်နိုင်ဆုံးဖြေရှင်းဖြည့်ဆည်းပေးခဲ့သည့်အပြင် အမျိုးသား ညီလာခံစတင်ချိန်မှာ အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့် အေးအေးချမ်းချမ်းဖြစ်ထွန်း စေရန် အလေးထားနေချိန်ဖြစ်၍ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို လက်ရှိအခြေအနေအတိုင်း သည်းခံစောင့်ဆိုင်းကြရန် ညှိနှိုင်းခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလက်မခံဘဲ ညီလာခံသို့ မတက်ရောက်နိုင် တော့ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ၁၉၉၃ခုနှစ် ညီလာခံစတင်ကျင်းပချိန်ကပင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ခြင်းမရှိပါ။

အမျိုးသားညီလာခံ အစည်းအဝေးကြီးသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်တက်ရောက်ခြင်း မရှိသော်လည်း အမျိုးသားညီလာခံသို့ တက်ရောက် လာသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် လူထုလူတန်းစား ကိုယ်စားလှယ်များ ပါဝင်သည့် ကိုယ်စားလှယ်များနှင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူလကြေညာထားသည့်အတိုင်း နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသား ညီလာခံကြီးကို အောင်အောင်မြင်မြင်ဖြစ်အောင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ပေါင်းလောင်းမှ*

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပေါင်းလောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်၏ အရှေ့ဘက် ၁၁ မိုင်ခန့်ဝေးသော ပေါင်းလောင်းဘက်စုံ စီမံကိန်းသို့ မတ် ၁၀ရက်တွင် သွားရောက်လေ့လာခဲ့ကြသည်။

စိုက်ပျိုးရေရရှိရေး

မြန်မာနိုင်ငံတွင် တောတောင် ရေမြေသဘာဝ အနေအထားအရ ရေဆင်း ဧရိယာ ၂၈၄၈၀၀ စတုရန်း မိုင်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှစီးဝင်ရေ ၈၇၆သန်းဧကပေ စီးဝင်လျက်ရှိသည်။ ယခုအချိန်အထိ ၂၅ ဒသမ ၂ သန်းဧကပေ သုံးစွဲလျက်ရှိသည်။ အဓိကဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်များမှာ ရေ အများဆုံးစီးဆင်းသည့် မြစ်များဖြစ်ကြပြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ မြစ်များအတွင်း စီးဆင်းနေသည့် မြစ်လက်တက်များ ပေါ်တွင် ရေလှောင်ဆည်၊ ရေလွှဲဆည် စသည့် ဆည်များတည်ဆောက်ကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေ ရရှိရန်ဆောင်ရွက်လျက်ရှိသည်။

ပေါင်းလောင်းတမံစီမံကိန်း

စစ်တောင်းမြစ်အတွင်း စီးဆင်း သည့်အဓိကမြစ်ချောင်းများမှာဆင်သေ၊ ငလိုက်၊ ပေါင်းလောင်း၊ ဆွာ၊ ခပေါင်း၊ ဖြူး၊ ကွန်း၊ ရဲနွယ်၊ သောက်ရေခပ်၊ ရွှေကျင်တို့ဖြစ်ပြီး ယခုတည်ဆောက် လျက်ရှိသည့် ပေါင်းလောင်း ရေလှောင် တမံ ဘက်စုံစီမံကိန်းမှာ ပေါင်းလောင်း ချောင်းပေါ်၌ တည်ဆောက်ထားသည့် ဆည်တစ်ခုဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုး၊ လက်ထောက် ညွှန်ကြား ရေးမှူးဦးဟန်သန်းနှင့် ဦးစီးအရာရှိ များက ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်တွင် သိရှိလိုသမျှကို စီမံကိန်းဒီဇိုင်းရုပ်ပုံ ကားချပ်များဖြင့် ရှင်းလင်းပြောပြ သည်။

မဂ္ဂါဝပ်၂၈၀ထုတ်လုပ်

ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်း မိုးက ရှင်းလင်းပြောပြရာတွင်“ပေါင်း လောင်း ရေလှောင်တမံ ဘက်စုံစီမံ ကိန်းကို ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့ ပူးတွဲ ဆောင်ရွက်လျက်ရှိခြင်း ဖြစ် ကြောင်း၊ လျှပ်စစ်ဌာနအနေဖြင့် ပေါင်း လောင်းမြစ်ကို တမံတည်ဆောက်ရန် အတွက် မြေအောက်ရေလွှဲဥမင်နှစ်ခု ကို တည်ဆောက်ခဲ့ကြောင်း၊ ၎င်းအပြင် လျှပ်စစ်စက်ရုံများကို ဥမင်ထဲတွင် တည်ထားရန်အတွက် ဥမင်အမျိုးမျိုး ကို ဖောက်ရကြောင်း၊ လျှပ်စစ်ထုတ် မည့် မဂ္ဂါဝပ် ၇၀ လေးလုံးဖြင့် မဂ္ဂါဝပ် ၂၈၀ ထုတ်ရန် စက်များကို တပ်ဆင်ခဲ့ကြောင်း။

၉၁၁ ကီလိုဝပ်သန်းထုတ်မည်

ရေလွှဲဥမင်နှစ်ခုမှာ အလျား ၉၉၄ မီတာ၊ အနံ ၁၀ မီတာ၊ အမြင့် ၁၄ မီတာရှိပြီး ဓာတ်အားခွဲလိုင်းမှ လျှပ်စစ် ဓာတ်အားလိုင်းသို့ ပို့မည့်လိုင်းများ တပ်ဆင်ခြင်းဖြင့် နှစ်စဉ်ပျမ်းမျှ ထုတ် လုပ်မည့် ဓာတ်အားပမာဏမှာ ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ် ရန်ဆောင်ရွက်နေကြောင်း၊ ဆည် မြောင်းဦးစီးဌာနအနေဖြင့် တာဝန် နှစ်ရပ်ကို တာဝန်ယူဆောင်ရွက်ရ ကြောင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်း နှင့် တမံတည်ဆောက်ခြင်းတို့ကို တာဝန်ယူရကြောင်း၊ဆည်မြောင်းဦးစီး ဌာနတွင် မြို့ပြအင်ဂျင်နီယာများ၊ စက်မှုအင်ဂျင်နီယာများ၊ မိုင်းအင်ဂျင် နီယာများ၊ အရည်အသွေး ထိန်းသိမ်း ရေး အင်ဂျင်နီယာများ၊ ဘူမိဗေဒ အင်ဂျင်နီယာများ ပါဝင်၍ ပူးပေါင်း ဆောင်ရွက်ကြရကြောင်း။

လိုအပ်သမျှပံ့ပိုးပေးနေ

ပံ့ပိုးရေး ပစ္စည်းပိုင်းတွင်လည်း ဒီဇယ်၊ ဘိလပ်မြေ၊ သံချောင်းတို့ နေ့စဉ်လိုအပ်နေ၍ နိုင်ငံတော်က ပံ့ပိုး ပေးနေကြောင်း၊ ဂါလန် ၁၅၀၀၀သော ဒီဇယ်ဆီကို မြန်မာ့ရေနံကရရှိပြီး စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်မှ လုပ်ငန်းအရောက်ဖြန့်ဖြူးပေးကြောင်း၊ ဆီလိုအပ်လျှင် ချက်ချင်းဝန်ကြီးထံ တင်ပြ၍ လုပ်ဆောင်ပေးခဲ့ကြောင်း၊ ထို့နည်းတူစွာ ဘိလပ်မြေလိုအပ်ချက် ကြီးမားရာ နေ့စဉ်လိုအပ်ချက်ကို စက်မှု(၁)က ကြီးကြပ်ဦးဆောင်ပြီး ပံ့ပိုးနေကြောင်း။

၎င်းအပြင် နေ့စဉ်နှင့်အမျှ ဒိုင်းနမိုင်းသုံးပြီး ကျောက်များခွဲယူ သယ်ဆောင်သောလုပ်ငန်း နံနက်မှ ညအထိ ၂၄ နာရီတွင် ၁၈ နာရီ လုပ်ဆောင်နေရကြောင်း၊ ဆည်တည် ဆောက်ရာတွင် ဆည်မြောင်းဌာန တစ်ခုတည်း၊ လျှပ်စစ်စွမ်းအားဌာန တစ်ခုတည်းနှင့် ဆောင်ရွက်ခြင်း မဟုတ်ဘဲ အခြားသော ဌာနများ၏ ပံ့ပိုးမှုများ အများကြီးပါဝင်ကြောင်း။

ပေါင်းလောင်းဆည်ကို တညီ တညွတ်တည်း စုပေါင်းတည်ဆောက် ကြရာ ရေပိုလွှဲဆိုလျှင် နံပါတ်(၁)၊ (၂)၊ (၃)၊ (၄) အဆင့်များရှိရာတွင် နံပါတ်(၃)အဆင့်ထိကျကျနန လုပ်နိုင် သော အနေအထားရှိကြောင်း၊ တမံ ဖို့ရာမှာလည်းတမံသည် ပျမ်းမျှခြင်း အားဖြင့် ၁၇၃ဒသမ၇၅(၁၇၄)မီတာ လောက်ရောက်နေပြီ ဖြစ်ကြောင်း၊ ဆည်မြောင်းနှင့်မိုးရာသီ၊ ဆည်မြောင်း နှင့်လျှပ်စစ်ဌာနတို့ယခုနှစ်တွင် အရေး ကြီးဆုံးဖြစ်ကြောင်း။

ယခုနှစ်မိုးရာသီတွင် တမံတည် ဆောက်ရာ၌ ပင်လယ်ရေမျက်နှာပြင် အထက် ၂၀၃မီတာကို ရောက်အောင် တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ပေနှင့်ပြောရလျှင် အမြင့်ပေ ၄၃၀ ရောက်အောင် တည်ဆောက်ရမည် ဖြစ်ရာ ယခုအခါ ပေ ၃၅၀ကျော် သွားပြီဖြစ်ကြောင်း၊ ကျန်သောအမြင့် ပေသာ ဖို့ရန်လိုတော့ကြောင်း။

ရေသွင်းစမ်းသပ်မည်

ရေအားလျှပ်စစ်ဘက်မှ တမံ ၁၆၅ မီတာ (ရေပြင်အမြင့်ပေ ၃၀၀) ရောက်လျှင် ရေလှောင်ပြီးစက်လေးလုံး အနက် တစ်လုံးကိုအစမ်းလည်မည်ဖြစ် ကြောင်း၊ လျာထားချက်အရ မဂ္ဂါဝပ် ၇၀ လေးလုံးရှိရာ တစ်လုံးကိုဇွန်လတွင် ရေလှောင်ပြီး စမ်းသပ်လည်မည်ဖြစ် ကြောင်း၊ လျှပ်စစ်ကစက်စမ်းမည့် ပေ ၃၀၀အမြင့်ရှိလျှင် စမ်းသပ်မောင်းနိုင် မည်ဖြစ်ရာ ယနေ့အခြေအနေအရ ရေသွင်းစမ်းသပ်နိုင်မည်ဖြစ်ကြောင်း” ဖြင့် ရှင်းပြသည်။

မေး။ ။လုပ်ငန်းတစ်ခုလုံးနှင့် ပတ်သက်လို့ ဘာအခက်အခဲ ရှိပါသလဲ။

ဖြေ။ ။အခက်အခဲကတော့ လူတွေက ကျောက်ဖြည့် တမံအပေါ်မှာ တော်တော်လေးဓာတ်ရေလည် ပြီးတော့မနက်ဖြန်ဘာလုပ်ရမယ်၊ ဒီနေ့ဘာလုပ်ရမယ်၊ ဘယ်လို အခြေအနေမျိုးရောက်ရင် ဘယ် လိုတူးရမယ်၊ ဘယ်ကို လမ်း ဖောက်ရမယ်ဆိုတာ နားလည် နေပါပြီ၊ ရုံးချုပ်က ဘယ်လို ပံ့ပိုးနေသော်လည်းရင်ဆိုင်နေရ တာက စက်အင်အား အခြေ အနေဖြစ်ပါတယ်၊ စက်တွေက မီးသင်းကျောက်လိုမာတဲ့ကျောက် တွေပေါ်မှာ သံကကျောက် လောက်မမာပါ၊ ကျောက်တွေ က သံကိုစားသွားပါတယ်၊ ချိန်း တွေလိုလာတယ်၊ ခွက်တွေပွန်း ပါများပြီး ပေါက်ကုန်တယ်၊ မော်တော်ကား တာယာတွေ မခံနိုင်ပါ၊ လွန်တူးဘက်ဆိုင်ရာ ပစ္စည်းတွေလိုလာတယ်၊ ခက်နေ တာကလည်း နာရီနှင့်အမျှ အလုပ်လုပ်နေရတော့ တချို့ စက်ပိုင်းဆိုင်ရာတွေဟာ နည်း ပညာမြင့်တာကြောင့် အစားထိုး တူအောင်လုပ်ပေမယ့် နှစ်နာရီ လောက်သာခံပါတယ်၊ အဲဒီ ပစ္စည်းများကလည်း နိုင်ငံခြား က မှာရမှာဖြစ်တော့ မစောင့် နိုင်တဲ့ အကျဉ်းအကျပ်ရှိပြီး အချိန်နှင့်ကုစားနေရပါတယ်။ စက် ၁၀စီးနှင့် ၁၆နာရီလောက် လုပ်ရမည့်အလုပ်ကို စက် ၁၀ စီးအစား ရှစ်စီးနှင့်လုပ်ရတော့ ၁၈နာရီ၊ နာရီ ၂၀ လုပ်နေကြရ ပါတယ်၊ အချိန်နှင့်ကုစားနေရ ပါတယ်ဟု ဖြေကြားသည်။

မေး။ ။အားလုံးခြုံလိုက်ရင် သတ်မှတ် ချက် ဘယ်လိုပေးထားပါသလဲ။

ဖြေ။ ။လျှပ်စစ်လုပ်ငန်းဟာ နိုင်ငံတော် မှာ များစွာလိုအပ်နေပါတယ်၊ လျှပ်စစ်ဓာတ်အား လည်ဖို့ အတွက် ဘယ်လိုနည်းနှင့်မှ အနှောင့်အယှက် မဖြစ်ရဘူးလို့ ပထမဦးတည်ချက် ရွေးချယ်ပါ တယ်၊ လျှပ်စစ်ဌာနနှင့် ဆည် မြောင်းဌာနတို့ ညှိနှိုင်းဆောင် ရွက်နေပါတယ်ဟု ဖြေကြား သည်။

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ တည်ဆောက် လျက်ရှိရာတွင် ပေါင်းလောင်းချောင်း မှာ ရေဆင်းဧရိယာ ၁၇၁၀ စတုရန်း မိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၃၂၇၅၇၆၀ ဧကပေရှိမည်ဖြစ်သည်။ တမံအမျိုးအစားမှာ ကျောက်ဖြည့် တမံဖြစ်၍ တမံအမြင့်ပေ ၄၃၀၊ အလျားပေ ၃၁၀၀ ရှိမည်ဖြစ်ပြီး ကန် ရေပြည့် ရေပြင်ကျယ်သည် ဧရိယာ မှာ ၄၁၉၉ ဧကနှင့် ကန်ရေပြည့် ရေလှောင် ပမာဏသည် ဧကပေ ၅၆၀၀၀၀ ရှိမည်ဖြစ်သည်။

သတ်မှတ်ထားသော ရေလှောင် ပမာဏထက် ပိုလာသောရေများကို အကျယ်ပေ ၄၁၀၊ အလျား ၁၆၀၈ပေ ရှိသော ရေပိုလွှဲဖြင့် ရေပိုများလွှဲထုတ် မည်ဖြစ်ရာ ရေပိုလွှဲမှ ရေထုစီးနှုန်း ၁၇၆၅၅၀ ပေ/စက္ကန့် စီးမည်ဖြစ် သည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ဧရိယာဧက ၃၅၀၀၀ကို ဆည်ရေပေးဝေနိုင်မည် ဖြစ်ပြီး ရေအားလျှပ်စစ်မဂ္ဂါဝပ် ၇၀ လေးလုံးဖြင့် မဂ္ဂါဝပ် ၂၈၀ကိုထုတ် လုပ်ဖြန့်ဖြူးတော့မည်ဖြစ်ရာ ၂၀၀၄ ခုနှစ် မကုန်မီနှစ်စဉ်ပျမ်းမျှ ၉၁၁ကီ လိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင် တော့မည်ဖြစ်ကြောင်း သတင်းကောင်း ပါးရပါသည်။ ။

(မြန်မာ့အလင်း)

ရောက်ရှိ

မေ ၁၄ရက်က အမျိုးသား ညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များ အမျိုးသား ညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူး စီစဉ်ကြိုဆို ပို့ဆောင်ရေး မော် တော်ယာဉ်များဖြင့် ရောက်ရှိ လာစဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှပါဝင်ဖော်ဆောင်ကြမည်

၂၀၀၄ခုနှစ် မေ ၁၁ ရက်နှင့် ၁၂ ရက်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ထိုအစည်းအဝေးကြီး၏ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားရာတွင်—

"ယနေ့အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံး လက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါကာလဖြစ်သည်နှင့်အညီ အမျိုးသားရေးနိုးကြားမှုဖြင့် အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာမှုတို့ ဆက်လက်ဖြစ်ထွန်းနေမှသာ မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မှာဖြစ်ကြောင်း။

"ထို့ပြင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအကြား မိမိနိုင်ငံ မိမိချစ်မြတ်နိုးစွာ တည်ဆောက်ကာကွယ်လိုသည့်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့်စိတ်ဓာတ်စသော စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးမှာလည်း ယနေ့ အချိန်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် မရှိမဖြစ် တည်ဆောက်ဖော်ဆောင်ထားရမည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများပင် ဖြစ်ကြောင်း။

"ထို့ကြောင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေအင်အားကြီးတစ်ရပ်လုံးက ယခုကဲ့သို့ စုစည်း ညီညွတ်စွာရပ်တည်ပြီး တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲနိုးကြားတက်ကြွနေစေရအောင် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်းကြရမည်ဆိုသည်ကို စာပေပညာရှင်များအားလုံးက ခံယူထားကြရမှာဖြစ်ကြောင်း။

"စာပေသည် နိုင်ငံတော်၏ အမျိုးသားရေးတည်ဆောက်မှုနယ်ပယ်ကဏ္ဍအားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ်လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့်ပြည့်စုံသကဲ့သို့ နိုင်ငံအကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘောစွမ်းအားမှာလည်း စာပေပင်ဖြစ်သည်ဆိုသည်ကို စာပေလောကသားများအားလုံးက ခံယူကြရမှာဖြစ်ကြောင်း။

"ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကားခိုင်မြဲရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေး လက္ခဏာများ မတိမ်ကော မပပျောက်စေရန်၊ တိုင်းရင်းသားပြည်သူအားလုံး အသိဉာဏ်ပညာထက်မြက်ပြီး အတွေးအမြင် ကြည်လင်ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်အစိုးရက လက်ခံ ယုံကြည်ထားပြီးဖြစ်ကြောင်း။

"ထို့ပြင် နိုင်ငံသူနိုင်ငံသား ပြည်သူများအားလုံး အတွေးအမြင်ဗဟုသုတကြွယ်ဝရေး၊ စိတ်နှလုံး ပျော်ရွှင်ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေးတို့မှာလည်း စာပေနှင့် စွမ်းဆောင်နိုင်မှုမှာ အဓိကအခန်း ကဏ္ဍက ပါဝင်လျက်ရှိကြောင်း"

မိန့်ကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၏ အဖိုးမဖြတ်နိုင်သည့်စွမ်းအားနှင့် အရေးပါမှုတို့ အလေးအမြတ်ပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေအဆောက်အအုံကြီးတစ်ရပ် ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်လျက် ရှိနေသည်။

မြန်မာစာပေ တိုးတက်စည်ပင်ရေးနှင့် အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးကူညီလျက်ရှိသည့်အပြင် စာပေပညာရှင်များ၏ လူနေမှုဘဝ လုံခြုံမြင့်မားစေရေးအတွက်လည်း အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးနေသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

စာအုပ်စာပေ ထုတ်ဝေမှုများ တိုးတက်ဖြစ်ထွန်းလာအောင်၊ စာဖတ်ပရိသတ် တိုးတက်ပွားများလာအောင်၊ စာပေရေးသားမှုများ တိုးပွားဖြစ်ထွန်းလာအောင်၊ စာပေဆုများ ချီးမြှင့်မှုများ၊ စာပေပြိုင်ပွဲများ ကျင်းပပေးမှုများ၊ စာနယ်ဇင်းထုတ်ဝေရေးလုပ်ငန်းများ တိုးတက်လာအောင် အားပေးမှုများ၊ စာကြည့်တိုက်များ တိုးချဲ့ထူထောင်ပေးမှုများ စသည့် အားပေးထောက်ကူမှုများစွာကိုလည်း ဆောင်ရွက်ပေးနေသည်။

စာပေဆုနှင့် စာမူဆုများချီးမြှင့်ရာတွင် နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိသည့် အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများ၊ အမျိုးသားရေးဆောင်ပုဒ်အကောင်အထည်ဖော်ရေး စာပေဆုအပြင် ပုဂ္ဂလိကစာပေဆုများကိုပါ အားပေးချီးမြှင့်လျက်ရှိပြီး စာပေပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။ စာပေကလောင်ရှင်သစ်များ ပေါ်ထွန်းလာရေး၊ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ပွင့်လန်းဝေဆာလျက်ရှိသည်။

ပြည်သူများ စာပေလေ့လာဖတ်ရှုမှု အားကောင်းစေရေးအတွက် မြို့နယ်ပေါင်း ၃၂၄ မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း ၃၆၈ ခုကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ ရပ်ကွက်များမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၆၁၃၉ ခုကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။

အစိုးရဌာနဆိုင်ရာ စာပေထုတ်ဝေရေး လုပ်ငန်းများကလည်း သတင်းစာ၊ ဂျာနယ်တို့အပြင် နိုင်ငံတော်မူဝါဒကို ထင်ဟပ်သည့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုစာအုပ်များ၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ စာအုပ်များကို ထုတ်ဝေဖြန့်ချိပေးလျက်ရှိသည်။ သတင်းစာများဆိုလျှင် ပြည်ထောင်စုကြီး၏ အစွန်အဖျား ဝေးလံသည့်ဒေသများအထိ အချိန်မီ အလွယ်တကူရောက်ရှိအောင် ပြည်နယ်နှင့်တိုင်း မြို့ကြီးများရှိ ကိုယ်ပွားသတင်းစာများမှ နေ့စဉ်တစ်ပြိုင်တည်း ထုတ်ဝေပေးလျက်ရှိသည်။

ပုဂ္ဂလိက စာပေထုတ်ဝေရေး လုပ်ငန်းများအနေဖြင့်ဆိုလျှင်လည်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏ စာရင်းဇယားများအရ ၂၀၀၄ ခုနှစ် နှစ်ဦးအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်တိုက်ပေါင်း ၅၀၃၇ ခုနှင့် ထုတ်ဝေသူပေါင်း ၇၅၉ ဦးရှိပြီး ၂၀၀၃ ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၉၇၅၉ မျိုး ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြသည်။ အပတ်စဉ်၊ လစဉ် အချိန်မှန်ထုတ်ဂျာနယ် ၁၀၂ မျိုးနှင့် မဂ္ဂဇင်းအမျိုးပေါင်း ၁၅၀ ကိုလည်း ပုံမှန်ထုတ်ဝေနေကြသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ မြန်မာစာပေလောကကြီးရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေ၊ အချိန်အခါကောင်းတွင် စာပေပညာရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ ပုံနှိပ်သူများ၊ စာဖတ်ပရိသတ်များအားလုံးကလည်း မြန်မာစာပေ အမျိုးသားရေးလမ်းကြောင်းပေါ်မှာ တည်တံ့ခိုင်မြဲစွာရှင်သန်ဖွံ့ဖြိုးလာစေရန်၊ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့် အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်စေရန်၊ စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူတို့ မျှတစွာအကျိုးဖြစ်ထွန်းစေရန်အတွက် မိမိတို့ကိုယ်စီကိုယ်စီ၏ ကျင့်ဝတ်နှင့်တာဝန်များကို ဖြောင့်မတ်စွာ စောင့်ထိန်းပြီး အမျိုးသားစာပေကို မြှင့်တင်အားပေးကြရန် လိုအပ်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးက ဆုံးဖြတ်ခြင်းသုံးရပ်၊ အတည်ပြုခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်းလေးရပ်တို့ ချမှတ်ခဲ့သည်။

ဆုံးဖြတ်ခြင်းသုံးရပ်အနက်—

ဆုံးဖြတ်ခြင်းအမှတ်(၁)မှာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ ၁၁–၅–၂၀၀၄ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြွက်ကြားချီးမြှင့်သော အဖွင့်မိန့်ခွန်းပါ ဩဝါဒမိန့်မှာချက်များကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အဆင့်အဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ်(၂)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ပထမနေ့ ၁၁–၅–၂၀၀၄ ရက်တွင် ဗဟိုအမှုဆောင်ကော်မတီက အောက်ပါအဆိုလေးရပ်ကို တင်သွင်းခဲ့သည်–

(၁) အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်တိုင်းက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေး၊

(၂) ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်တည်ဆောက်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေးအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အားလုံးတို့က တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ်ထိန်းသိမ်းစောင့်ရှောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ရောက်ရှိအောင် အင်တိုက်အားတိုက် ပါဝင်တည်ဆောက်သွားရေး၊

(၃) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းလုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလောကသားအားလုံးတို့က တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊

(၄) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သည် စာပေလောကသားအားလုံးကို စာပေကဏ္ဍအသီးသီး၌ စည်းရုံးစုစည်းလျက် ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်းအဖြစ် ဆက်လက်စည်းရုံးတည်ဆောက်သွားရေး

အဆိုလေးရပ်ကို ဗဟိုအမှုဆောင်ကော်မတီဝင်လေးဦးက တင်သွင်းခဲ့ပြီးဗဟိုဦးစီးအဖွဲ့ဝင်လေးဦးက အသီးသီးထောက်ခံဆွေးနွေးခဲ့ရာ အဆိုပါ အဆိုလေးရပ်ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်အားလုံးတို့၏ လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင်အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ဆုံးဖြတ်ခြင်းအမှတ် (၃)မှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံတွင် ချမှတ်ခဲ့သော ယခုဗဟိုဦးစီးအဖွဲ့အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ဖြစ်သည့်–

(၁) နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့ အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံအကျိုးကို တစ်တပ်တစ်အား နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

(၃) အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊

(၄) စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာ ဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊

(၅) စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့်စာနယ်ဇင်းသမားများသည် အဖွဲ့၏ဦးဆောင်မှုဖြင့် တက်ကြွစွာပါဝင်ရိုင်းပင်းဆောင်ရွက်ရေး၊

(၆) စာပေနှင့် စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊ နည်းပညာနှင့် သုတ၊ ရသ ရေးသားမှုအရည်အချင်း မြင့်မားလာစေရန်နှင့်မျိုးဆက်သစ်များပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

(၇) နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊

(၈) အမျိုးသားအမွေ ဂန္ထဝင်နှင့်ခေတ်ပြိုင် မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရင်း ပြည်တွင်းပြည်ပကျယ်ပြန့်စွာ လေ့လာဖတ်ရှုသိရှိနိုင်ရေး၊

(၉) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်ရေးတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ အောင်မြင်အောင်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာတို့၏ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေး စွမ်းအားတို့ကို အခြေခံပြီး အမျိုးသားရေးဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် အစဉ်ထာဝရဝင့်ဝင့်ကြွားကြွား မြှင့်တင်ထားနိုင်စေရအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်သွားနိုင်စေရအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ချင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းစဉ်တစ်လျှောက်သမိုင်းကြောင်း အချိုးအကွေ့တိုင်းတွင် အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်မပြတ် စောင့်ရှောက်မြှင့်တင်ပေးခဲ့သည့် မြန်မာစာပေ၏ ကောင်းမြတ်သော အစဉ်အလာကောင်းများကို စာပေပညာရှင်ကြီးများအားလုံးက ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်သည်။

နိုင်ငံတော်၏ ရေရှည်စီးပွားရေးအတွက် မျှော်မှန်းလျက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် စာပေလောက ကလည်း အားစိုက်ခွန်စိုက် ပါဝင်ဖော်ဆောင်ကြရန် ဖြစ်သည်။

စာပေပညာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်မှုပေးနေသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးဆက်လက်ရှင်သန်ဖွံ့ဖြိုးပြီး နိုင်ငံအကျိုးပြု အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရအောင်နှင့် စွမ်းဆောင်ရည် ပိုမိုထက်မြက်မြင့်မားနေစေရအောင် ဗဟိုဦးစီးကော်မတီဝင်များအားလုံးက မှန်ကန်သော ဦးဆောင်မှုဖြင့် တက်ညီလက်ညီ စည်းရုံးဆောင်ရွက်သွားရန် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးအတွက် မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ဖွံ့ဖြိုးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစိတ်ဓာတ်၊ ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ကြရမည်။

တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများကို အဖျက်အမှောင့်လုပ်ငန်းများမှာ တလွဲအသုံးပြု စွက်ဖက်နှောင့်ယှက်မှုများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်မည့် အမျိုးသားရေးစာပေ၊ ကိုယ်ခံစွမ်းအား ပြည့်ဝထက်မြက်အောင် ကြိုးပမ်းစွမ်းဆောင်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စာပေပညာရှင်များသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် အညီ ကျရာကဏ္ဍမှ ဦးလည်မသုန် ပါဝင်ဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

ငမိုးရိပ်တံတား(ကမာကြည်)ပန္နက်တော်တင် ရတနာပိုင်တိုင်စိုက်ထူခြင်းမင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၄

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်မည့် ငမိုးရိပ် တံတား (ကမာကြည်)ပန္နက်တော်တင် ရတနာပိုင်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ငမိုးရိပ်ချောင်းကမ်း ကမာကြည်လမ်းထိပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ ပန္နက်တော်တင်ပေးကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ငမိုးရိပ်တံတား(ကမာကြည်)ပန္နက်တော်တင်အခမ်းအနားကိုကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှတ်(၁)ပန္နက်တော်ကိုလည်းကောင်း၊တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှတ်(၂)ပန္နက်တော်ကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှတ်(၃)ပန္နက်တော်ကိုလည်းကောင်း၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက အမှတ်(၄) ပန္နက်တော်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်းတင်ပေးကြပြီး ပန္နက်တော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက စက်ခလုတ်နှိပ်၍ ရတနာပိုင်တိုင်ကို Vibro Hammer စက်ဖြင့်ရိုက်သွင်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရတနာပိုင်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်နှင့်သာကေတမြို့နယ်တို့ကိုငမိုးရိပ်ချောင်းကိုဖြတ်၍ ဆက်သွယ်ဖောက်လုပ်မည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားကြီး၏ အရှည်မှာပေ ၈၅၀၊ အကျယ် ၄၈ ပေ၊လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီ ပါရှိမည်ဖြစ်ပြီး တံတားကြီး၏ခွင့်ပြုအလေးချိန်မှာ တန်ချိန် ၆၀ ဖြစ်သည်။

ဆက်သွယ်သွားလာနိုင်

တံတားကြီးပြီးစီးသွားပါက သဃ်န်းကျွန်း၊ တာမွေ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်မြို့နယ်များမှ ပြည်သူများနှင့် သာကေတ၊ဒေါပုံ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ ပြည်သူများသည် အချိန်တိုအတွင်း အပြန်အလှန် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကျောက်စိမ်းကျောက်မျက်မှ

နိုင်ငံသားများ၊လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်။

ထို့အပြင် မြန်မာ့ကျောက်မျက် ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း ရောင်းချပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်တွင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာ ရယူလိုသူများသည် မေ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်

(၁) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး
(၂) ရေရရှိရေး
(၃) ပညာရေးအဆင့်မြှင့်တင်ရေး
(၄) ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရေး
(၅) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး

ကျော့ဖုံးမှ

ချယ်ရီအလှနှင့် ကျေးရွာ သဘာဝအလှကိုခံစားမိရင်းကျေးရွာ လူကြီး၊ ကျေးရွာ တောင်သူများနှင့် တွေ့ဖြစ်အောင် တွေ့ခဲ့သည်။

"ကျွန်တော်တို့ရွာ နာမည်က ကက္ကူစုံပြကျေးရွာကလေးပါ။ ရွာမှာ ပအိုဝ်းတိုင်းရင်းသား အများစုနေပါတယ်။ တောင်ယာလုပ်ကိုင်ပါတယ်။ ရပ်ရွာအေးချမ်းသာယာပြီး ကျေးရွာသူကျေးရွာသားတွေ စီးပွားရေး ပြေလည်ကြပါတယ်။ ထွက်သမျှသီးနှံက ဒေသအတွက် ဖူလုံရုံမျှမက အပိုအလျှံများကိုပင် တောင်ကြီးမြို့ကို တက်ရောင်းပါတယ်။ တောင်ကြီးမြို့ကိုသွားဖို့ ဟိုးမှာတွေ့နေရတဲ့ မီးရထားလမ်းကနေ ဈေးရထား တစ်နေ့တစ်ကြိမ် ထွက်ပါတယ်၊ ကျေးရွာမှာ ကိုယ့်အားကိုယ်ကိုး မီးရှိပါတယ်။ စာသင်ကျောင်းလည်းရှိပါတယ်"

ကျေးရွာဥက္ကဋ္ဌ ဦးလှဖန်ထွန်းက သူတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ပုံကို ပွင့်ပွင့်လင်းလင်းအားပါးတရ ပြောပြပါသည်။ ကျွန်တော်တို့ကလည်း သိလိုသည်များကို မေးကြသည်။ မေးရုံနှင့်အားမရ။ လက်တွေ့ စိုက်ပျိုးလုပ်ကိုင်နေသော ယာခင်းထဲသို့ ဆင်း၍ လေ့လာကြသည်။ ကြက်သွန်ဖြူ စိုက်ပျိုးနေသော တောင်သူတစ်ဦးကို တွေ့ရသည်။ ယာတစ်ဖက်တွင် ပျဉ်ထောင်သွပ်မိုး ခြေတံရှည်အိမ်ကြီးကို တွေ့ရသည်။ အိမ်အောက်တွင် လယ်ထွန်စက်ကြီး တစ်စီးကို တွေ့ရသည်။ ယာတဲတွင် ကလေးငယ်ကို ပုခက်ဖြင့် ချော့သိပ်နေသည်ကို တွေ့ရသည်။ မိမိက ထွန်ရေးလိုက်နေသည့် တောင်သူအမျိုးသမီးကြီးအား–

"ဒီအိမ်က အစ်မတို့မိသားစုနေတဲ့ အိမ်လား၊ လယ်ထွန်စက်ကကော"ဟု မေးသည့်အခါ "မဟုတ်ပါဘူး၊ ယာတဲပါ၊ မိသားစု အလုပ်ပြီးရင် ရွာကိုပြန်ပါတယ်၊ လယ်ထွန်စက်က ကျွန်မပိုင် လယ်ထွန်စက်ပါ" ဟု အမျိုးသမီးကြီးက ပြန်ဖြေပါသည်။ အံ့သြမိသည်။ ထိုမျှ ကောင်းသောအိမ်ကို ယာလုပ်ထားသည့် အပြင် တန်ဖိုးကြီးမားသည့် လယ်ထွန်စက်ကြီးကိုလည်းပိုင်ဆိုင်ထားသည်။ ခိုးသူ ဝှက်သူလည်းမရှိ။ နေချင့်စဖွယ် ကျေးရွာကလေးပင်။ မိမိတို့ သိလိုသည်များကို ဆက်မေးကြည့်မိသည်။

"အစ်မ ယာမှာ ဘယ်နှသီး စိုက်ပါသလဲ"

"ကျွန်မ ယာမှာ စပါးစိုက်ပါတယ်၊ စပါးပြီးရင် ပဲစိုက်ပါတယ်၊ ပဲပြီးရင် ကြက်သွန်စိုက်ပါတယ်၊ ကြက်သွန်ပြီးရင်ပဲပုပ်စိုက်ပါသေးတယ်"

အားပါး–အာဂ တောင်သူပါလား။ တစ်နှစ် တစ်သီး၊ နှစ်သီးသာမက သုံးသီး၊ လေးသီးရအောင် စိုက်နိုင်သည်။ ဒီတောင်သူစီးပွားရေး အဆင်မပြေရှိပါတော့မည်လားဟု စိတ်ထဲမှ ချီးကျူးမိသည်။ သီးထပ်ပေါ်ပြီး သီးနှံမအောင်သည့် နှစ်တွင်ပင် တစ်နှစ်လေးငါးသိန်း ကျန်သည်။ သီးနှံအောင်သည့် နှစ်တွင်တော့ မပြောနှင့်။ ယောကျ်ားသားမပါ မိန်းမသားတစ်ဦးအားမာန်ဖြင့် အစွမ်းကုန်ထွန်ယက် စိုက်ပျိုးနိုင်သည့် အာဂတောင်သူပေတည်းဟု ကျွန်တော်မအံ့သြဘဲမနေနိုင်။ မချီးမွမ်းဘဲ မနေနိုင်တော့။ သူမကဲ့သို့ အခြားတောင်သူများလည်း ရှိပေဦးမည်။

ထိုသို့စိုက်ပျိုးနိုင်အောင် အမိ ရေ၊ အမိမြေက သဘာဝအလျောက် ဖြည့်ဆည်းပေးနေပြန်သေးသည်။ ဖြူစင်ရိုးသား ပွင့်လင်းဖော်ရွေသော ဒေသခံများအတွက် သဘာဝက ပြန်လည်ပေးဆပ်ခြင်းပေလော။ ဒေသခံများ ကိုယ်၌က များသောအားဖြင့် သက်သတ်လွတ် အသီးအနှံများ စားကြသည်။ ဤဒေသခံ တိုင်းရင်းသားများ၏ ထူးခြားမှု တစ်ရပ်ပင် ဖြစ်ပေသည်။

ယာခင်းများအတွင်းသို့သဘာဝရေထွက်များက စီးဝင်လျက်ရှိသည်။ ကြည်လင်အေးမြသည့် ရေအလျင်က တသွင်သွင်စီးလျက်ရှိသည်။ "ဒီရေကို ယာအားလုံးက ရအောင် ဘယ်လိုစီမံထားပါသလဲ"ဟု ကျေးရွာ ဥက္ကဋ္ဌကို မေးကြည့်သည်။ ကျေးရွာဥက္ကဋ္ဌက–

"ဘယ်လိုမှ မစီမံပါဘူး၊ သူတို့ အသိနဲ့သူတို့၊ သူတို့နားလည်မှုနဲ့ သူတို့ ညီညီညွတ်ညွတ် အသိစိတ်ဓာတ်ဖြင့် အလှည့်ကျယူကြပါတယ်၊ ဒါကြောင့် ရေပြတ်တယ်လို့ မရှိပါဘူး"

ခွင့်လွှတ်၊ သည်းခံ၊ နားလည်၊ စာနာ တတ်သူများပင်။ ထို့ကြောင့်ပင် သဘာဝက အကျိုးပေးဟန်တူပါသည်။ ဤသည်မှာ ယာခင်းတစ်ခုတည်းသာ လေ့လာမိခြင်းဖြစ်သည်။ အခြားယာခင်းများ လည်း ဤသို့ပင်ဖြစ်ပေလိမ့် မည်။

ချယ်ရီပန်းအလှနှင့် ကျေးရွာ မြေ၊ ကျေးရွာ အလှကား ပန်းတင့်လှပေသည်။ မိမိအနေဖြင့် အမှန်ပြောရလျှင် ဤရွာမှ မပြန်ချင်တော့။ ကျေးရွာသဘာဝ အလှက မိမိကို ဆွဲဆောင်နေပေပြီ။ ထိုရွာမှအပြန် အခြားရွာများသို့ ထပ်ဆင့်လှည့်လည် လေ့လာအပြီး ဒေသထွက် အစားအစာများနှင့် ကျေးရွာသားများက ဧည့်ခံကျွေးမွေးကြသေးသည်။ အသားမပါသော တို့ဟူးကြော်၊ ကိုက်လန်ဂေါ်ဖီကြော်၊ နံနံပင်မွှေးမွှေးနှင့် သီးစုံချဉ်စပ်ဟင်းချိုတို့က မြို့မှ အသားဟင်းလျာများနှင့်ခြားနားလှသည်။ အရသာရှိသော ထူးကဲသည့် ခံတွင်းတွေ့ဖွယ် သက်သတ်လွတ် ပအိုဝ်း ထမင်းဝိုင်းဖြစ်သည်။ ထမင်းစားပြီးသောအခါ ခြံထွက်သင်္ဘောသီးကို ခွဲစိတ်ကျွေးမွေးသေးသည်။ ရန်ကုန် သင်္ဘောသီးနှင့်မတူ၊ လုံးဝန်းခြင်းမရှိ၊ အထွတ်အထွတ်များနှင့် ပိန္နဲသီးကြီးထက်မက ကြီးမားလှသည်။ ချိုမြိန်၍ အရသာရှိစွာ စားသောက်ခဲ့ရသည်။ စားသောက်ပြီး ဒေသခံများကို နှုတ်ဆက်၍ ပြန်လည် ထွက်ခွာခဲ့သည်။ အိမ်အပြန်တွင် မိမိတို့ခြေလှမ်းများက မပြန်ချင်လောက်အောင် ရွာတွင် ကျန်ရစ်ခဲ့သည်ဟု ထင်မိပါတော့သည်။

ဖွံ့ဖြိုးတိုးတက်သော ကျေးလက်ဒေသက ရိုးသားဖြူစင်၍ ပွင့်လင်းဖော်ရွေလှသော တိုင်းရင်းသားများနေသည့် ကျေးရွာကလေးများ ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာတော့မည်ကို မြင်ယောင်နေမိတော့သည်။ ။

(မြန်မာ့အလင်း)

ကျေးရွာသူ ရွာသားတွေ စီးပွားရေးပြေလည်ကြလို့ ထွက်သရွေ့ အပိုအလျှံတွေကို မြို့တက်ရောင်းပါတယ်။

ကက္ကူကျေးရွာဥက္ကဋ္ဌ။

"ကျွန်မ စိုက်ပျိုးရေးလုပ်တာ ၁၀နှစ် ရှိပါပြီ။ ကျွန်မယာမှာ ကြက်သွန်ဖြူစိုက်ပါတယ်။ မုန်ညင်းနဲ့ ပဲလဲစိုက်ပါတယ်။ အခုအခါမှာ သီးနှံအထွက်တိုးလို့ စီးပွားတွေ တိုးနေပါပြီ။"

ပအိုဝ်းတိုင်းရင်းသူ ဒေါ်နန်းအောင်
တောင်ကြီးမြို့နယ်၊ ကက္ကူစုံပြကျေးရွာ။



ကျောက်တစ်လုံးဒေသတွင် သဘာဝရေထွက်များ ပေါများသဖြင့် စိုက်ပျိုးသီးနှံများ ဤသို့ တစ်မျှော်တစ်ခေါ် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၅–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ဆီထွက်သီးနှံဖူလုံရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးပေး
- ၁၁:၅၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၄၁)
- ၁၄:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၂၀ ၈။ လောကနီတိ **"လှပခြင်း၏အဓိပ္ပာယ်"** အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ–ဦးခင်ဇော်)
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၄၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၀၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း–၁၁)
- ၁၉:၃၅ ၁၅။ ကရင်ရိုးရာဝတ်စားဆင်ယင်မှု
- ၁၉:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ရင်ခွင်လမင်း"** လူမင်း၊ ဝိုင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–မျိုးထူး)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဇာသပြင်အနောက်-ကျုံဖဲ-ခရားအတွင်း-သံလှယ်-ကျားကလေးမြေသားလမ်း၊ ကျုံဖဲချောင်းကူးသစ်သားတံတားနှင့် ဘားအံအစိုးရ ကွန်ပျူတာကောလိပ်တည်ဆောက်မှု ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို စစ်ဆေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြား

ရန်ကုန် မေ ၁၄

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းက ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဖောက်လုပ်ပြီး နိုင်ငံတော်မှကူညီပံ့ပိုးလျက်ရှိသည့် ဇာသပြင်အနောက်-ကျုံဖဲ-ခရားအတွင်း-သံလှယ်-ကျားကလေး မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်းခွင် ကျုံဖဲကျေးရွာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဇာသပြင်အနောက်-ကျုံဖဲ-ခရားအတွင်း-သံလှယ်-ကျားကလေး မြေသားလမ်း ပြီးစီးမှုအခြေအနေနှင့် ကျုံဖဲချောင်းကူး သစ်သားတံတားတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ကျုံဖဲချောင်းကူး သစ်သားတံတားပေါ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက ဇာသပြင်အနောက်-ကျုံဖဲ-ခရားအတွင်း-သံလှယ်-ကျားကလေး မြေသားလမ်းဖောက်လုပ်ပြီးစီးမှု၊ ဖောက်လုပ်ရန်ကျန်ရှိမှု၊ကျုံဖဲဒေသတွင် ပလပ်မြေ၊မြေရိုင်းဖော်ထုတ်နိုင်မှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဝင်းက ရေဝင်တူးမြောင်းများ ဖောက်လုပ်မှု၊တူးမြောင်းသစ်နှင့်ချောင်းများဆက်သွယ် ဖောက်လုပ်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုဖောက်လုပ်နေသည့် မြေသားလမ်းသည် နောင်တွင် အဆင့်မီကားလမ်းအဖြစ် ဖောက်လုပ်နိုင်ရေးအတွက် မျှော်မှန်းပြီး အကျယ်ပေ ၃၀ထက်မနည်းစေဘဲ ဖောက်လုပ်ရေး၊ ရေလျှံကွင်းများတွင် ရေအလွယ်တကူ ထုတ်ယူနိုင်ရေး၊ ပလပ်လယ်များတွင် ရေတော်မိုးတော် သီးထပ်စိုက်ပျိုးနိုင်ရေး၊ ထွက်ပေါ်လာသည့် ပလပ်မြေ၊မြေရိုင်းများတွင် လယ်ယာမြေချထားရာတွင် ဒေသခံပြည်သူများအား ဦးစားပေးချထားရေး၊ သတ်မှတ်ကာလအတွင်း လမ်းနှင့်တံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျုံဖဲကျေးရွာ ကမ်းနားကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာအား ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကမ်းနားဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် "ကျေးရွာချင်းဆက် လမ်းများဖောက်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးစည်ပင်လာ မည်ဖြစ်ကြောင်း၊ ယခင်က ဤဒေသသည် ဆက်သွယ်ရေး ခက်ခဲပြီး ရေလမ်းတစ်ခုတည်းကိုသာ အားထားနေရကြောင်း၊ ယခုအခါ ဤလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဤလမ်းအချိန်မီ ပြီးစီးရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှသာ သတ်မှတ် ချိန်တွင် ပြီးစီးပြီး လျင်မြန်စွာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဘားကပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဘားကပ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချရေး၊ နွေစပါးတိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ဘားအံအစိုးရကွန်ပျူတာကောလိပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဘားအံအစိုးရကွန်ပျူတာ ကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား ဘားအံအစိုးရကွန်ပျူတာ ကောလိပ် တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရန်ကျန်ရှိမှုနှင့် စပ်လျဉ်း၍ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ကတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် လုပ်ငန်းခွင် အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံအစိုးရကွန်ပျူတာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ဘီးလင်းသကြားစက်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ ဘားအံအစိုးရ ကွန်ပျူတာကောလိပ် တည်ဆောက်မှုလုပ်ငန်းစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

ကျောက်တန်းမြို့ အငူကူးတို့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၇ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်အေးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

နွေရာသီ လူသစ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နွေရာသီ လူသစ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲကိုမေ ၁၂ရက်မှ၁၄ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ ခါးစည်း(အဖြူ)အဆင့် အခြေခံအဆင့် ကကွက်ပြိုင်ပွဲ တစ်ဖွဲ့လျှင် ငါးဦးဖြင့် ၂၅ဖွဲ့ စုစုပေါင်း၁၂၅ဦး၊ခါးစည်း(အဝါ) အခြေခံ အဆင့် ကကွက်ပြိုင်ပွဲ တစ်ဖွဲ့လျှင် သုံးဦးဖြင့် ၁၃ ဖွဲ့ စုစုပေါင်း ၃၉ဦး၊ တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ၄၂ ဦး စုစုပေါင်း ၂၀၆ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(မြန်မာ့အလင်း)

နွေရာသီ လူသစ်တန်းတိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ ခန်းမတွင် ကျင်းပရာ ကကွက်ပြိုင်ပွဲတွင် အောင်ဆန်း လူငယ်အသင်း ပါဝင်ယှဉ်ပြိုင်နေစဉ်။ (မြန်မာ့အလင်း)

ကြီးကြပ်စစ်ဆေး

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ကမ်းနားအလယ်ရပ်ကွက် နေထိုင်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မေ ၁၃ ရက်က အမက (၁၁) ကျောင်းခန်းမတွင် ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူး ဦးရဲထွန်း ကြီးကြပ်စစ်ဆေးစဉ်။

(ဝ၄၆)

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အဂ္ဂိဝစ္ဆသုတ်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Molopoly (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း-၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် မိခင်သစ္စာ"**(အပိုင်း-၆)

❐ *ကျောဖုံးမှ*

ကမ္ဘောဇအသင်းနှင့်လယ်ယာထွက်ကုန်အသင်းတို့အနက် ကမ္ဘောဇအသင်းက ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပေ။

ပါဝင်ယှဉ်ပြိုင်မည့်အသင်းများမှာ ဘဏ္ဍာ/အခွန်၊ မြို့တော်စည်ပင်၊ မလိခ၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ ပတ္တမြားနဂါး၊ လယ်/ဆည်၊ ပို့ဆောင်ရေး၊ သတ္တုတွင်း၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်၊ တပ်မတော်(ကြည်း)၊ တံခွန်၊ သစ်တောရေးရာ၊လယ်ယာထွက်ကုန်၊ ဆောက်လုပ်ရေးနှင့် စီးပွား/ကူးသန်းတို့ ဖြစ်ကြသည်။

ယှဉ်ပြိုင်ကစားရမည်

ပွဲစဉ်ဇယားရေးဆွဲထားမှု အရ မေ၂၁ ရက်တွင် မလိခအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ မေ၂၂ ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ မေ ၂၄ရက်တွင် ပြည်ထဲရေးအသင်းနှင့် ကာကွယ်ရေးအသင်း၊မေ ၂၅ ရက်တွင် သစ်တောရေးရာအသင်းနှင့် လယ်ယာထွက်ကုန်အသင်း၊ မေ ၂၆ ရက်တွင် ပတ္တမြားနဂါးအသင်းနှင့် လယ်/ဆည်အသင်း၊ မေ ၂၇ ရက်တွင် တပ်မတော်(ကြည်း) အသင်းနှင့် တံခွန်အသင်း၊ မေ ၂၈ ရက်တွင် ပို့ဆောင်ရေးအသင်းနှင့် သတ္တုတွင်း အသင်း၊ မေ ၂၉ ရက်တွင် လျှပ်စစ်စွမ်းအားအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ဘိုင်ရသဖြင့် ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ မကစားရဘဲ ဒုတိယအဆင့်တွင် မြို့တော်စည်ပင်အသင်းနှင့် မလိခအသင်းပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဇွန် ၇ ရက်နှင့် ၁၀ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဇွန် ၁၄ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပွဲစတင်ချိန်မှာ ညနေ ၃ နာရီခွဲဖြစ်သည်။

အနိုင်ရဗိုလ်စွဲ

ပြိုင်ပွဲတွင် အသုံးပြုမည့်ဘောလုံးအမျိုးအစားမှာ Mikasa ဘောလုံးဖြစ်ပြီး အချိန်ပိုတွင် ရွှေဂိုးသွင်းနိုင်သူက အနိုင်ရသည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၀၂–၂၀၀၃ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ဆုံတွေ့ခဲ့ကြရာ ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

ယခုနှစ်ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားရေးဆွဲရာတွင် ယမန်နှစ်ပြိုင်ပွဲ၌ ပထမရရှိသည့် ဘဏ္ဍာ/အခွန် အသင်းနှင့် ဒုတိယရရှိသည့် စီးပွား/ ကူးသန်းအသင်းတို့ကို ကြိုတင်နေရာချထားပြီး ကျန်အသင်းများကို မဲနှိုက် နေရာချထားခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်း အသင်းတို့သည်ပွဲစဉ်ဇယားရေးဆွဲထားမှုအရ နောက်ဆုံးဗိုလ်လုပွဲ၌သာ ဆုံတွေ့နိုင်သည့်အနေအထားဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် အမှတ်ပေးပြိုင်ပွဲ၌ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ကြသည်။ ။

(မြန်မာ့အလင်း)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် မေ ၁၄

ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများ ဖြစ်ကြသော ဦးထွန်းရှင်နှင့် ဦးတင်အေးတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုသုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မေ ၁၄ရက်က မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နွေရာသီလူသစ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု တိုက်ဂါးကလပ်အသင်းအား ဆုယူအပြီး နည်းပြများနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

မြစ်သားမြို့နယ်ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိမှုအထိမ်းအမှတ်ဆိုင်းဘုတ်တင် နှစ်၁၀၀ကျော်ရေမရရှိခဲ့သောရွာများသန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ပြီ

ရန်ကုန် မေ ၁၄

မန္တလေးတိုင်း မြစ်သားမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိမှုအထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မြစ်သားမြို့လယ် မြင်းခြံ–မန္တလေးကားလမ်းဆုံထောင့်တွင် မေ ၁၃ ရက် နံနက်ပိုင်း၌ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူမြို့သားများ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူးနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားကို မြစ်သားမြို့ လုပ်သားကြေးမုံခန်းမ၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်ကြီးငါးရပ်အနက် မိမိတို့ဝန်ကြီးဌာနမှ ကျေးလက်ဒေသ လမ်းများတိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးစသည့် လုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် အပူပိုင်းဒေသ တိုင်းသုံးရပ်နှင့် အခြားပြည်နယ် တိုင်း ၁၄ တိုင်းတို့၌ ၁၀ နှစ်စီမံကိန်းများ အသီးသီးချမှတ်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းစောစီးစွာပြီးစီးရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၊ စည်ပင်သာယာရေးရန်ပုံငွေ၊ အလှူရှင် လှူဒါန်းငွေများဖြင့် ဆောင်ရွက်နေကြောင်း၊စစ်ကိုင်းတိုင်း၊မကွေးတိုင်း၊ မန္တလေးတိုင်း တိုင်းသုံးတိုင်း ရေရရှိရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေနှင့် စည်ပင်သာယာရေးရန်ပုံငွေ ကျပ်၁၅၃၈သန်းကျော်၊ အလှူရှင်များ လှူဒါန်းငွေကျပ် ၇၉၇ ဒသမ ၈၆ သန်း စုစုပေါင်းကျပ် ၂၃၈၁ သန်းကျော် သုံးစွဲဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၄၉၀၇ ရွာဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

အလေးထား

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဌာနဆိုင်ရာများ၊ ကျေးလက်ပြည်သူများ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ကျေးလက်ပြည်သူများ လူနေမှုဘဝမြင့်မားလာစေရေး၏ အခြေခံအချက်များ ပြည့်စုံလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏စေတနာကို အလေးထားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ချင်းက မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူလူထုကိုယ်စား ဦးညွှန့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

သောက်သုံးရေသုံးစွဲနိုင်

မြစ်သားမြို့နယ်တွင် ကျေးရွာအုပ်စု ၈၂အုပ်စု၊ ကျေးရွာပေါင်း ၂၂၇ရွာ၌ လက်နှိပ်ပန့်စက်တွင်း ၁၄၄ တွင်း၊ စက်ရေတွင်း ၇၇တွင်း၊ စိမ့်စမ်းရေသွင်းခြင်းလုပ်ငန်းခြောက်ခု ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ လူဦးရေ ၁၄၅၀၂၆ ဦး သန့်ရှင်းသောသောက်သုံးရေရရှိသည်။ မြစ်သားမြို့နယ်တွင် နှစ် ၁၀၀ကျော် ရေမရရှိခဲ့သောရွာများဖြစ်သည့် ဟင်းလျှာကန်ကျေးရွာ၊ မြနဒီကျေးရွာ၊ ကြာကန်ကြီး ကျေးရွာများလည်း သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၁၄

မြန်မာ့မှတ်သုံဇာစ်မြစ် ဖြစ်စဉ်များ၊ ထူးခြားချက်များကိုဖော်ပြပြီး မြန်မာ့မှတ်သုံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အခြေအနေများနှင့်သဘာဝကပေးထားသော အကာအကွယ်များကို ထုတ်ဖော်အသိပေးထားသည့် နိုင်ရွှေမိုး၏ မြန်မာ့မှတ်သုံ စာအုပ်၊ ပျူ၊ သက်၊ ကတူး၊ ချင်း၊ မြန်မာ စသော တိုင်းရင်းသားလူမျိုးများ၏ ရှေးဦးသမိုင်းဖြစ်ရပ်မှန်များကို ဖော်ထုတ်ရာ၌ အထောက်အကူပြုနိုင်သည့် မောင်ကျော်ရှင်း၏ မြေတူမြို့ စာအုပ်၊ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ယဉ်ကျေးမှုကို သိရှိလေ့လာလိုသူများ၊ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများနှင့် သုတေသီများအတွက် ဒေါက်တာသက်လွင်၏ ပုဂံအနောက်ခရီးတစ်ခေါက်စာအုပ်၊လူငယ်များ၏ ဘဝတိုက်ပွဲကို ဖြောင့်မတ်သော ယုံကြည်ချက်၊ မွန်မြတ်သော ခွန်အားသတ္တိတို့ဖြင့် ရင်ဆိုင်ကျော်လွှားဖြတ်သန်းမှုများကို ဝတ္ထုတို့ဖြင့် စုစည်းတင်ပြထားသည့် စိုးတင့်ထူး (မအူပင်)၏ နှင်းဆီညနှင့် အခြားလူငယ် ဝတ္ထုတိုများစာအုပ်၊ စကားလက်ဆောင်၊ မနေ့ကဖိုးထောင်၊ အဖြူရောင်ပီတိ၊ အမေနှင့်ရွှေအိုးများ စသည့် ဝတ္ထုတို ၁၂ ပုဒ်ဖြင့် စုစည်းတင်ပြထားသည့် ခင်ခင်ကျော်(ပညာရေး)၏ နှလုံးသားမြို့ဟောင်းတစ်နေရာနှင့်အခြားဝတ္ထုတိုများစသည့် စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံ ဈေးသစ်(ဒုတိယထပ်) စာပေဗိမာန်စာအုပ်ဆိုင်နှင့်ရန်ကုန်နှင့်နယ်စာပေဗိမာန် စာအုပ်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း ရောင်စုံပိုစတာပြိုင်ပွဲကျင်းပမည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းရောင်စုံပိုစတာပြိုင်ပွဲကို ၂၀၀၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော WANTED! Seas and Oceans-Dead or Alive? (သင်ဘာကိုအလိုရှိသလဲ၊ ပင်လယ်နှင့် သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော) ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးပွား များပြားလာသည်နှင့်အမျှ လူတို့၏ လုပ်ဆောင်ချက်အမျိုးမျိုးကြောင့် ပင်လယ်နှင့်သမုဒ္ဒရာများ ညစ်ညမ်းမှုများဖြစ် ပေါ်လျက်ရှိသည်။ ယခုနှစ်ဆောင်ပုဒ်နှင့်အညီ ညစ်ညမ်းသော ပင်လယ်သမုဒ္ဒရာ အပျက်ကိုမြင်ချင်ပါသလား၊ ကောင်းမွန်သန့်ရှင်းသော ပင်လယ်သမုဒ္ဒရာကို မြင်ချင်ပါသလားဟူသော မေးခွန်း၏ အဖြေကို ပေါ်လွင်စေသည့် ပညာပေးပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်လျက်ရှိသည်။ ပိုစတာများကို ၁၅ x ၂၀လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့် ရေးဆွဲ၍ ပိုစတာတွင် ဆောင်ပုဒ်ကိုထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး မိမိပြောကြားလိုသည့် အကြောင်းအရာကိုလည်း ပညာပေးရေးသားဖော်ပြနိုင်သည်။ ပိုစတာ၏ ကျောဘက်တွင် ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင် အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ စသည်တို့ကို တစ်ပါတည်း ဖော်ပြရန်ဖြစ်ပြီး အဆင့်မီပိုစတာများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပိုစတာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး နိုင်ငံခြားရေးဝန်ကြီးဌာန ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ၂၈–၅–၂၀၀၄ရက် (သောကြာနေ့) ညနေ ၁၆:၃၀ နာရီအရောက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်။

ရတနာဒီပ သိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၄

မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်းရှိ မြကျွန်းသာ လူမျိုးစု ပရိယတ္တိစာသင်တိုက် ပရဟိတဖွံ့ဖြိုးရေး သာသနာပြုကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ပြီးစီးသွားသော ရတနာဒီပ သိမ်တော်ကြီးရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ရတနာဒီပ သိမ်တော်ကြီး၌ ကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သရက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် တာဝန်ရှိသူများ၊ ရတနာဒီပသိမ်တော်ကြီး အလှူရှင်မိသားစုများ**(ယာပုံ)**က သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို ပရိသတ်များက နာယူကြသည်။

ဆောက်လုပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက သရက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းရတနာဒီပသိမ်တော်ကြီးကို မြောက်ဥက္ကလာပမြို့နယ်(ခ) ရပ်ကွက် မြရတနာ(၁)လမ်း အမှတ် ၄၂၅ နေ ဦးလှကြည် ဇနီး ဒေါ်အေးအေးသွယ် မိသားစုတို့က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

တရားဟောကြားမည်

ရတနာဒီပသိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မေ ၁၅ ရက် ညပိုင်းတွင် မြကျွန်းသာလူမျိုးစု ပရိယတ္တိစာသင်တိုက်၌ စစ်ကိုင်း တောင်ရိုးသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၉)ရပ်ကွက်၊
အမှတ်(၁၁၅/ဃ)နေ
ဦးလှအုန်း (သ-သ-န ဌာနစုမှူး၊ ငြိမ်း)-ဒေါ်မြသန်းတို့၏သားငယ်

မောင်ဇော်လင်း

နှင့်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ကျိုက်တောရပ်နေ
ဦးတင်ဝင်း-(ဒေါ်ခင်ရွှေ)တို့၏သမီး
ဗန်းမော်မြို့၊ မြို့မရပ်နေ ဒေါ်အယ်နီ၏တစ်ဦးတည်းသောသမီး

မမြသီတာဝင်း

တို့သည် ၁-၅-၂၀၀၄ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လင်း-မမြသီတာဝင်း။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၁-၅-၂၀၀၄ ရက်တွင် ကျင်းပသော ကျွန်တော် ကျွန်မတို့၏ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်လာသော ဦးမောင်မောင်ခင်၊ ဦးကျော်ငွေ၊ ဦးမြင့်ချို၊ ကိုနိုင်ဝင်းနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

မောင်ဇော်လင်း-မမြသီတာဝင်း။

မဂ္ဂင်ကျောင်းဆောက်ရေးလှူဒါန်းနိုင်ကြ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီသာသနာ့ရိပ်သာတွင် နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ပဓာန နာယက ဆရာတော်ကြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ဥပဋ္ဌာကအကျိုးဆောင်ထံတွင် ကိုယ်တိုင်လှူဒါန်း၍ဖြစ်စေ၊ ရိပ်သာဖုန်း-၂၀၁၆၃၄ သို့ ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၄ ခုနှစ် Mini Hockye Marathon ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသောမျိုးဆက်သစ်လူငယ်(က) အသင်းအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ပြည်ပရေးရာ တာဝန်ခံ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (F.I.H)၊ အာရှဟော်ကီအဖွဲ့ချုပ် (A.H.F) ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ဆုဖလားကို ချီးမြှင့်ပေးအပ်စဉ်။

(သတင်းစဉ်)

စူပါသတင်းဂျာနယ် အမှတ်(၁၃)ထွက်ပြီ

ရန်ကုန် မေ ၁၄

အကယ်ဒမီရတဲ့အထိ ကြိုးစားမယ်ဆိုသော ဆုရှွန်းလဲ့၏ မျက်နှာဖုံး အလှပုံရိပ်နှင့်အတူ ဂျပန်ပြည်ရောက် မြန်မာသရုပ်ဆောင်များ၊ ကာရန်အလွဲ အောင်မြင်တာ မစိုးကြီးကြောင့်လား၊ နန္ဒာကြောင့်လား၊ စူပါသရုပ်ဆောင်တို့ရဲ့ နာမည်ရှေ့နောက်ကိစ္စ၊ နန္ဒာလှိုင်တစ်ကိုယ်တော် သရုပ်ဆောင်ထားပြီး နော်လီဇာသီဆိုတဲ့ ရက်ရက်စက်စက် ဗွီစီဒီ ကာရာအိုကေ၊ ထက်ထက်မိုးဦး ဘာကြောင့်စူပါဖြစ်လာသလဲ၊ စူပါတို့လျှောက်သောလမ်း၊ စူပါသရုပ်ဆောင်တွေမပါဘဲ ထူးခြားဦးမယ့်ဇာတ်ကား၊ ဝင်းပပလှသူလေးနဲ့ ဘရိုင်းယန်လီ ဖြောင်ဟွန်း စသော ပြည်တွင်းပြည်ပ၊ အနုပညာနယ်ပယ်မှ စူပါတို့၏ ဘဝအလှ ဒဿနများအား ဝေဝေဆာဆာ ဖတ်ရမည့် စူပါသတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

ထူးခြားမြစ်ရေ

ရန်ကုန် မေ ၁၄

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၄၂၀ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၁၉၅ စင်တီမီတာ(ခြောက်ပေခွဲ) ခန့် တိုးလာပါသည်။ အဆိုပါ ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်နှစ်ရက်မှ ငါးရက်အတွင်းချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် ငါးပေခန့်လက်ရှိရေမှတ်များအထက် ရုတ်တရက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(10 J) မြေကွက်အမှတ် (တတိယတန်းစား-၄နှင့်၅) Hajee E.M.Abdul Rahiman+2 အမည် ရှိမြေပိုင်မြေကို "ကျူလီယာဗလီထရတ်(စ်)(တ်)ရုံး" အမည်ဖြင့် ပြောင်းလဲပေးပါရန် အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြေတိုင်းရပ်ကွက်အမှတ် (၅၂၆) မြေကွက်အမှတ် ၂၈ပါမစ်မြေအား ဦးဝင်းခိုင်၁၂/တမန(နိုင်)၀၂၂၁၉၀က မြေငှားဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

အသက် (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ရောဝတီတိုင်းက ချင်းပြည်နယ်ကို အနိုင်ရရှိ

ရန်ကုန် မေ ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လျက်ကျင်းပရာ ဧရာဝတီတိုင်းအသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

ယနေ့ပွဲ

မေ ၁၅ ရက် (ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

၂၀၀၄ ခုနှစ် Mini Hockye Marathon ပြိုင်ပွဲ မျိုးဆက်သစ်လူငယ်(က)အသင်းဗိုလ်စွဲ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ကကြီးမှူး၍ ငပလီ အထွေထွေလုပ်ငန်းစုလီမိတက်က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် Mini Hockye Marathon ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ပြည်ပရေးရာတာဝန်ခံ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (F.I.H)၊ အာရှဟော်ကီအဖွဲ့ချုပ် (A.H.F) ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်နိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်နိုင်၊ တွဲဖက် ပြည်ပရေးရာတာဝန်ခံ ဦးကျော်ငွေသိန်းနှင့် အမှုဆောင်များနှင့် ဟော်ကီအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၁၄ နှစ်အောက် မျိုးဆက်သစ်လူငယ်အသင်းခြောက်သင်း ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဗိုလ်စွဲသွားသော မျိုးဆက်သစ်လူငယ်(က) အသင်းအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌက ဆုဖလားကို ချီးမြှင့်ပေးအပ်လိုက်သည်။

(သတင်းစဉ်)

မိတ်ဟောင်းမိတ်သစ်များအတွက် အထူးအစီအစဉ်အဖြစ်

နေ့စဉ်နံနက် ၇ နာရီမှ နံနက် ၁၁ နာရီအတွင်း နံနက်စာ မြန်မာ့ရိုးရာအစားအစာ၊ ရှမ်းရိုးရာအစားအစာ၊ ဥရောပ အစားအစာများနှင့် နေ့လယ်စာ၊ ညစာများကို ဈေးနှုန်းချိုသာစွာဖြင့် ၁၅-၅-၂၀၀၄ ရက်မှစ၍ တိုးမြှင့်ရောင်းချပါမည်။

လုံခြုံစိတ်ချရသော ကားရပ်နားရန်နေရာ၊ ညှို့ဝတ်ကျေပွန်သော ဝန်ထမ်းများ၏ဝန်ဆောင်မှု၊
အကောင်းဆုံးဝါရင့် စားဖိုမှူးကြီးများ၏ လက်ရာ

အရသာအရှိဆုံး မြန်မာ့အစားအစာ၊ ဥရောပအစားအစာနှင့် တရုတ်အစားအစာများကို စားသောက်ရင်း ညစဉ်မြန်မာ့ဆိုင်းဝိုင်းနှင့်အတူ "မြန်မာ့ယဉ်ကျေးမှု အကပဒေသာ"နှင့် အနောက်တိုင်း Unplugged Music တေးဂီတသီဆိုဖျော်ဖြေမှုများကို အဆင့်အတန်းမြင့်မြင့် ကြည့်ရှုခံစားလိုသူမိသားစုများ၊ အသင်းအဖွဲ့အစည်းများ၊ Travel & Tour ကုမ္ပဏီများ၊ နိုင်ငံခြားသားများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် SARA Restaurant ကို အရောင်းမြှင့်တင်ပွဲ ပြုလုပ်လိုက်ပါပြီ။

နေ့စဉ်- နံနက် ၇ နာရီမှ ည ၁၁ နာရီထိ။

(လူမျိုးမရွေး၊ ဘာသာမရွေး သုံးဆောင်နိုင်ပါသည်။)

မှတ်ချက်။ ညှို့ခံပွဲများ၊ မွေးနေ့ပွဲများကိုလည်း အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနေပါပြီ။
အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ Travel & Tour များအတွက် Special Discount

မရမ်းကုန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းစည်းဝေး

ရန်ကုန် မေ ၁၄

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏နှစ်ပတ်လည် အစည်းအဝေးကို မေ ၁ရက် နံနက်၉နာရီကမြို့နယ်ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ အမှုဆောင်အဖွဲ့ အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ လူမှုအသင်းအဖွဲ့မှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ကော်မတီဝင် တွဲဖက်အတွင်းရေးမှူးဦးခင်ဆွေ (ရွှေစွန်ညို) တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း-ရွှေမြိုင်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ဥက္ကဋ္ဌ ဦးခင်လှိုင်(ချစ်မိုးညို)ကနှစ်နှစ်တာကာလအတွင်း လုပ်ငန်း စွမ်းဆောင်မှုများကိုဆွေးနွေးပြောကြားသည်။

လက်ခံရယူ

အတွင်းရေးမှူးဦးသိန်းဦး(သိန်းဦး-QM)က ၂၀၀၂/၂၀၀၃/၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းနွဲ့ (နီနီလှိုင်-သထုံ)က ဘဏ္ဍာရေးရှင်းတမ်းများကို လည်းကောင်း ဖတ်ကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ငွေကျပ် ၁၀၀၀၀ လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) တွဲဖက်အတွင်းရေးမှူးဦးခင်ဆွေ (ရွှေစွန်ညို)က လက်ခံရယူသည်။

(၄၂၁)

သွေးလွန်တုပ်ကွေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း ဟောပြောပွဲကို မေ ၉ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နွယ်မာဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းခွဲမှအမှုဆောင်များ တက်ရောက်ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လွင်လွင်က သွေးလွန်တုပ်ကွေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း သိကောင်းစရာများ ဟောပြောစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းရုံး(ဘုရားကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း သံလမ်းဂဟေဆက်ဖြင့် သံုးချောင်းဆက်သံလမ်းများ ပြုလုပ်နေမှုကိုလည်းကောင်း**(အပေါ်ပုံ)** ကျောက်နှင့်သံလမ်းများ စုပုံထားရှိ သုံးစွဲမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည်DRCသံလမ်း ပြေးယာဉ်ဖြင့် ဘုရားကြီးမှထွက်ခွာ၍ ဘုရားကြီး-တောင်ငူ လမ်းပိုင်း တစ်လျှောက် စစ်ဆေးရာ မိုင်တိုင်အမှတ် (၆၅)တွင် လုပ်သားဝန်ထမ်းများနှင့် သံလမ်းခင်းကျောက်ဖြည့်တင်းမှုများ၊ သံလမ်းမျက်နှာပြင်ညှိ ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဒိုက်ဦးနှင့် ညောင်လေးပင်ကြား မိုင်တိုင်အမှတ် (၈၄)တွင် ရှိသောတံတားအမှတ် (၁၁၆) (ခြောက်တန်ပေါက်) တံတားတိမ်ကောနေမှု ပြုပြင်ခြင်းနှင့် မိုးရာသီ ရေကြီး ရေလွှမ်းဒေသ၏ ရေထုတ်ရေ နုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လည်းကောင်း၊ ဘုရားကြီးနှင့် တောင်ငူ လမ်းတစ်လျှောက်ရှိ ဘူတာယာဒ်ဝင်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ကွန်ကရစ် ဇလီဖားတုံးများနှင့်၇၅ပေါင်သံလမ်းများလဲလှယ်ပြီးစီးမှုနှင့် သံလမ်းခင်း ကျောက်ဖြည့်သွင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၈ ရက်တွင် တောင်ငူနှင့်ရမည်းသင်းကြား လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးရာ တောင်ငူနှင့် ကျေးတောအကြားမိုင်တိုင်အမှတ်(၁၆၉)တွင် ဝန်ထမ်းလုပ်သားများနှင့် ကျောက်ဖြည့်သွင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၉၀)ရှိ တံတားအမှတ်(၃၀၆) ဆွာချောင်းတံတားကြွခိုင်မှုနှင့် ရေစီးရေနုတ်လမ်းကြောင်းများ ရေတိုက်စားမှု ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၉၄) တွင် သံလမ်းများ မျက်နှာပြင်ညှိခြင်းနှင့် ကျောက်ဖြည့်သွင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂၁၄)တွင် လောမြို့အဝင်ခြောက်လမ်းသွား ကားလမ်းကူးနေရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ တောင်ငူနှင့်ရမည်းသင်းကြား ဘူတာများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စနစ်တကျသုံးစွဲ

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၀ရက်တွင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဦးနှင့် အထွေထွေမန်နေဂျာ (မြို့ပြ)တို့က စက်ရုံတည်ဆောက်ရေးလုပ်ငန်း လျာထားချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ရရှိသုံးစွဲဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းဆောင်ရွက်ရေးနည်းလမ်းနှင့် စည်းစနစ်ပိုင်းဆိုင်ရာများ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သတ်မှတ်ချိန်အတွင်း လုပ်ငန်းအားလုံးပြီးစီးရေး၊ မနားမနေ ကြိုးပမ်းဆောင်ရွက်ရန်၊ မိုးရာသီ၌ လုပ်ငန်းအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး၊ ပြင်ဆင်လုပ်ဆောင်ရန် စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများ စည်းစနစ်တကျသုံးစွဲရန်မှာကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိတ်ဖူးမြောင် စံပြကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁၄

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင် စံပြကျေးရွာမူလတန်းလွန်ကျောင်း ပြည်ချစ်ပန်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၁၀ရက်နံနက် ၁၀နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် အစီအစဉ်အရ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဆိုင်းဘုတ်ကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အလှူရှင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးက အားကစားပစ္စည်းများနှင့် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ MFFကုမ္ပဏီမှ ဦးစိုးမြင့်က ကျောင်း ဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၂ သိန်းကိုလည်းကောင်း၊ ပေးအပ်လှူဒါန်းရာ အခမ်းအနားတက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ပညာသင်ကြားနိုင်

ပြည်ချစ်ပန်းကျောင်းဆောင်သစ်သည် အလျား ပေ ၉၀၊ အနံပေ ၃၀ ရှိသော သွပ်မိုး၊ ထရံကာ၊ အင်္ဂတေခင်း အဆောက်အအုံဖြစ်ပြီး ဝန်ကြီး၏ မတည်လှူဒါန်းငွေကျပ် တစ်သိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သွပ်အချပ် ၃၆၀နှင့် အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခဲ့သဖြင့် ဒေသခံ ကျောင်းသားကျောင်းသူများ၊ အေးချမ်းစွာ ပညာသင်ကြားနိုင်ပြီးဖြစ်သည်။

ယင်းနောက် ဝန်ကြီးသည် ကန့်ဘလူမြို့နယ် ဂါးထာကျေးရွာသို့ ရောက်ရှိပြီး မူလတန်းလွန်ကျောင်း အတွင်းရှိ ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း (ဒုတိယအကြိမ်)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဝန်ကြီးက အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ MFFကုမ္ပဏီမှ ဦးစိုးမြင့်က ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးလှူခဲ့သည်။ ဝန်ကြီးသည် မေ ၁၁ ရက် နံနက်တွင်မန္တလေးမြို့ ရွှေမန်းတောင် အားကစားကွင်း အဆင့်မြင့်ပြုပြင်မှုများကိုကြည့်ရှုစစ်ဆေးမှာကြားသည်။ ဆက်လက်၍ ရတနာပုံရေကူးကန်ကို ကြည့်ရှုစစ်ဆေးရာ ရတနာပုံရေကူးအသင်း ဒုတိယ ဥက္ကဋ္ဌ(၁)၊ ဦးစောလှမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AIDS ရောဂါ ပညာပေးနှိုးဆော်ချက်

AIDS ရောဂါကူးစက်စေသော နည်းလမ်းများ

- AIDS ရောဂါသည် HIV ဗိုင်းရပ်(စ်)ပိုး ကူးစက်မှုကြောင့်ဖြစ်သည်။
- AIDS ရောဂါကူးစက်စေသော နည်းလမ်းများမှာ-
  * ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း။
  * မသန့်ရှင်းသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း
  * HIV ပိုးပါသော သွေးနှင့်သွေးပစ္စည်းများကို သွင်းမိခြင်း ။
  * ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှသန္ဓေသားသို့ ကူးစက်ခြင်းတို့ဖြစ်ပါသည်။
- **HIV ပိုးရှိနေသူကို အပြင်ပန်းအမြင်ဖြင့် မသိနိုင်သောကြောင့် ရောဂါကူးစက်မှု မခံရအောင် အစဉ်အမြဲသတိရှိပါ။**

AIDS ရောဂါမကူးစက်နိုင်သော နည်းလမ်းများ

AIDS ရောဂါ မကူးစက်နိုင်သောနည်းလမ်းများမှာ-

- ချောင်းဆိုး၊ နှာချေခြင်း။
- သာမန်ထိတွေ့မှုများဖြစ်သောလက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်ခြင်း၊အရေပြားချင်းထိတွေ့ခြင်း။
- ပန်းကန်၊ ခွက်၊ ဇွန်း၊ တယ်လီဖုန်း၊ အိမ်သာ၊ တံခါးလက်ကိုင်၊ ထိုင်ခုံတို့ကို အတူတူ သုံးစွဲခြင်းတို့ကြောင့် မကူးစက်နိုင်ပါ။

AIDS ရောဂါသည် တစ်ဦးမှတစ်ဦးသို့ သာမန်အားဖြင့် လွယ်ကူစွာမကူးစက်နိုင်သဖြင့် AIDS ဝေဒနာရှင်များကို ပစ်ပယ်ခွဲခြားခြင်းမပြုဘဲ ကြင်နာစွာ ပြုစုစောင့်ရှောက်ပါ။

AIDS ရောဂါကာကွယ်ရန် နည်းလမ်းများ

- AIDS ရောဂါကာကွယ်ရန်ဆေးနှင့် ပျောက်ကင်းအောင်ကုသရန်ဆေး မပေါ်သေးပါ။
  ထို့ကြောင့်မိမိတို့၏ အပြုအမူကို ဆင်ခြင်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

AIDS ရောဂါမကူးစက်စေရန် အတွက်

- လိင်အပျော်အပါးလိုက်စားခြင်းကို ရှောင်ကြဉ်ပါ။ မရှောင်နိုင်ပါက အကာအကွယ်ကွန်ဒုံးကို စနစ်တကျအသုံးပြုပါ။
- အိမ်ထောင်ရှိသူများ တစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး မိမိအိမ်ထောင်ဖက်အချင်းချင်း အပြန်အလှန်သစ္စာရှိပါ။
- မူးယစ်ဆေးဝါးကို လုံးဝမသုံးစွဲပါနှင့်။
- ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်ကိုသာ အသုံးပြုပါ။

AIDS ရောဂါကြုံတွေ့သူများအား ပြုစုစောင့်ရှောက်ရေး

- HIVပိုး ကူးစက်ခံရသူများသည် အကျင့်စာရိတ္တပျက်ယွင်းသူများ မဟုတ်သောကြောင့် ဝေဒနာရှင်များအား နှိမ့်ချဆက်ဆံခြင်းမပြုလုပ်ဘဲ နှစ်သိမ့်ကူညီအားပေးပါ။
- AIDSရောဂါကြုံတွေ့သူများကို ကြည်ဖြူစာနာလက်တွဲကူမှသာ ဝေဒနာရှင်များ၏ သက်တမ်းပိုမိုကြာရှည်ပြီး သူတို့၏ကိုယ်စွမ်းဉာဏ်စွမ်းများကို အသုံးချနိုင်ကာ လူလောကအား အကျိုးပြုရင်း အဓိပ္ပာယ်ရှိရှိနေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

စာအောင်သံဃာတော်များ အောင်လက်မှတ်နှင့် စူဠာဘွဲ့နှင်း

ပြင်ဦးလွင် မတ် ၂၈

ပြင်ဦးလွင်မြို့နယ် နိကာယ်စာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များကို အောင်လက်မှတ်များဆက်ကပ်သည့် စူဠာဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁နာရီက ပုညကာရီ ခဲလယ်ကျောင်းတိုက်တွင် ကျင်းပသည်။(ဝဲပုံ)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ပုညကာရီ ခဲလယ်ကျောင်းတိုက်မှ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလခံယူသည်။

ဆက်လက်၍ မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏိဿရက ဩဝါဒကထာချီးမြှင့်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က သာသနာရေးဆိုင်ရာ လျှောက်ထားတင်ပြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်များ၊ ကြီးကြပ်ဆရာတော်များနှင့် ၂၀၀၃ခုနှစ် နိကာယ်စာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများမှ စာအောင်သံဃာတော်များအား နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အောင်လက်မှတ်နှင့် အလှူရှင်များမှ လှူဒါန်းဆက်ကပ်သော နဝကမ္မ အလှူငွေများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ကန်တော့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**(ခရိုင် ပြန်/ဆက်)**

မေ၅ရက်က (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာနစခန်းတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်းက ရန်ကုန်မြို့တွင် ကျင်းပပြီးစီးခဲ့သော (၅၉) နှစ်မြောက် တပ်မတော်နေ့တွင် အောင်ဆန်းစစ်ကြောင်း၊ စံပြဒုတိယဆုရရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ဖွဲ့(၂)တပ်ခွဲမှူး မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းအား ဆုချီးမြှင့်စဉ်။ (၁၆၈)

ပါဠိပထမပြန်ဆုနှင်းပွဲအခမ်းအနား ကချင်ပြည်နယ်ဖားကန့်မြို့နယ်၌ကျင်းပ

ဖားကန့် ဧပြီ ၁၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ၂၀၀၃ခုနှစ် (ပါဠိပထမပြန်)စာအောင်ဆုနှင်းပွဲကို သီရိမင်္ဂလာမဏိဇေယျ စာသင်တိုက်၌ ဧပြီ ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူကြသည်။

ဆက်ကပ်

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလျှောက်ထားပြီး အတန်းအသီးသီး၌ အောင်မြင်တော်မူကြသော သံဃာတော်များနှင့် သီလရှင်များကို အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

(က-ပ)

မကွေး ကြက်ခြေနီတပ်ဖွဲ့ စုပေါင်းသန့်ရှင်း

မကွေး မေ ၈

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို မေ ၄ရက် နံနက် ၇နာရီက မကွေးမြို့ မဟာဝိသုတာရာမ စာသင်တိုက်အတွင်း ဆောင်ရွက်ကြသည်။

ကြည့်ရှု

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ မကွေးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးကြပြီး**(အောက်ပုံ)** မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးသိုက်ထွဏ်းနှင့် တပ်ဖွဲ့ဝင် ၇၀ကျော်တို့က စာသင်တိုက်ကြီးအတွင်း ချုံနွယ်သစ်ပင်များ၊ အမှိုက်သရိုက်များကို ရှင်းလင်းကြသည်။**(၃၈၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဂွမြို့နယ် ပရိယတ္တိပါရဂူစာသင်တိုက်၌ ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ ကျင်းပမည်

သံတွဲ မေ ၁၀

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ပရိယတ္တိပါရဂူစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာနန္ဒအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁/၂၀၀၄ဖြင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် သိက္ခာထပ် မင်္ဂလာအခမ်းအနားကို မေ ၁၆ ရက်တွင် အလှူရှင် ဦးအေးကျော်-ဒေါ်ဖြူဖြူသွယ်မိသားစု၊ ရန်ကုန်မြို့တောင်ဥက္ကလာပနှင့် ဆပ်သွားအလယ်ရွာမှ တပည့်ဒါယကာ ဒါယိကာမများက ပင့်သံဃာအပါး ၆၀ တို့အား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး တရားနာရေစက်ချမည့် ဧည့်ပရိသတ်များအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ရာ အလှူပွဲအခမ်းအနား ကြွရောက်ကြည်ညိုချီးမြှင့်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မေ ၅ရက်က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ထားဝယ်မြို့နယ် ပေါက်တိုင်း တံတား ဆောင်ရွက်ပြီးစီးမှုကို တနင်္သာရီတိုင်း စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦး ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကြည်သန်းက ရှင်းလင်း တင်ပြစဉ်။

(မြို့နယ် စည်ပင်)

ကြီးကြပ် ဆောင်ရွက်

မေ ၄ရက်က တောင်ငူမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးကိုကိုနိုင်၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်နှင့် ဝန်ထမ်းများ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းခြံအလှပြုပြင်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

မိုးကောင်း-မိုးညှင်း မြို့နယ်ချင်းဆက်လမ်းဖောက်

မိုးကောင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဆန်းတို့သည် ဧပြီ ၉ရက်က မိုးကောင်း-မိုးညှင်းမြို့နယ်ချင်းဆက်လမ်းကို မြေထိုးစက်ဖြင့်ဖောက်လုပ်လျက်ရှိသည့် လုပ်ငန်းခွင်သို့ ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါလမ်းသည် အရှည် ၂၃ မိုင်ရှိပြီး မိုးကောင်းမြို့နယ် ပင်းဘောဒေသ အင်ကြင်းကုန်းကျေးရွာအုပ်စုနှင့်မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအုပ်စုတို့ကို ဆက်သွယ်သော လမ်းဖြစ်သည်။ **(၄၁၆)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။
လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

နာရေးကူညီမှု အသင်းသို့ ညောင်ပင်လေးပလာဇာ Private Market မှ နိဗ္ဗာန်ယာဉ်လှူဒါန်း

ရန်ကုန် မေ ၁၅

ညောင်ပင်လေး ပလာဇာ(Private Market) ဈေးသူ ဈေးသားများက ကျပ် ၁၀၃ သိန်းကျော် တန် ၆ခ/၄၆၈၄ (Light Truck) ယာဉ်အမျိုးအစား နိဗ္ဗာန်ယာဉ်တစ်စီးအား နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၇ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ (ဓမ္မာရုံ)၌ ကျင်းပသည်။ အခမ်းအနားသို့ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ (၁) ရပ်ရှင်သရုပ်ဆောင် ဦးကျော်သူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများ၊ ညောင်ပင်လေးပလာဇာ (Private Market)မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လက်ခံယူ

ညောင်ပင်လေးပလာဇာ (Private Market)မှ ဦးညွန့်အောင်၊ ဦးမျိုးညွန့်၊ ဦးမြင့်လွင်၊ ဦးအောင်ဝင်းတို့က နိဗ္ဗာန်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများပေးအပ်ရာ ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုဥက္ကဋ္ဌ (၁) ဦးကျော်သူတို့က လက်ခံရယူသည်။ **(အောက်ပုံ)** ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် စာရေး ဆရာမ ဒေါ်သန်းမြင့်အောင်က ကျေးဇူးတင်စကားပြောကြားသည်။ **(က-ပ)**

သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများ မြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို မေ ၁၁ ရက်က မြို့နယ်ခန်းမဆောင်တွင်ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှေအိကအမှာစကားပြောကြားပြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး(စီမံချက်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ဥမ္မာစံက စီမံချက်လုပ်ငန်းများ ရှင်းလင်းပြောကြားစဉ်။ (က-ပ)

နွားထိုးကြီးမြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့်

နွားထိုးကြီး မေ ၅

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို မေ ၂ ရက်က လျှော်ဖြူ(တောင်) ကျေးရွာရှိ အလှူရှင် စက်ရေတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်က စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရေတွင်းအား ရေတွင်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်သို့ လွှဲပြောင်းပေးအပ်သည်။ ကျေးရွာသူကျေးရွာသားများကိုယ်စား ဒေါ်ယဉ်ယဉ်ထွေးက ကျေးဇူးတင်စကားပြောကြား၍ စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စက်ရေတွင်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှမ်းရိပ်သာလမ်းနေ ဒေါ်ခင်လေးမွန်မိသားစုက လှူဒါန်းငွေကျပ် ၅၀၀၀၀၀၊ စည်ပင်သာယာရေးဦးစီးဌာနမှ ငွေကျပ် ၃၀၀၀၀၀ ဖြင့် ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပျော်ဘွယ်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ပျော်ဘွယ် မေ ၇

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပျော်ဘွယ်မြို့နယ် ကင်းတားကျေးရွာနှင့် ညောင်ရွှေကျေးရွာချင်း ဆက်သွယ်သည့်မြေသားလမ်း အရှည် ၅၁၇၅ပေ၊ အကျယ် ၁၂ပေ အား ကျောက်ချောလမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းအား အဖွဲ့ရန်ပုံငွေကျပ် ၈၀၅၀၀၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

ကွင်းဆင်းစစ်ဆေး

အဆိုပါ လမ်းခင်းရန်အတွက် အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ ၂၊ ဒေါ်ရီတို့က ကျောက်စုဆောင်းမှုကို ဧပြီ ၂၄ ရက်က ကွင်းဆင်း စစ်ဆေးပြီး လမ်းတိုင်းတာမှု ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် စည်ပင်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ လှိုင်းဘွဲ မြို့နယ် အမှုဆောင်အရာရှိ ဦးသိန်းဝင်းနှင့်အတူ ဧပြီ ၃၀ရက်က လှိုင်းဘွဲ မြို့နယ် ကမော့ကချူး ကျေးရွာရေပေးရေးလုပ်ငန်းပြီးစီးမှုကို ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



နွေရာသီ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးဖွင့်ပွဲ နောင်ချိုမြို့ အထက်တန်းကျောင်းခန်းမတွင် ကျင်းပ

နောင်ချို မေ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ၂၀၀၄ ခုနှစ် နွေရာသီ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက်က နောင်ချိုမြို့အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် စာတတ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမင်းအောင်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာဖြေဆိုအောင် မြင်ကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် နွေရာသီ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းကော်မတီအဖွဲ့သို့ အလှူငွေများနှင့် စာအုပ်၊ ခဲတံ၊ ဘောလ်ပင်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီအဖွဲ့၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ ပညာရေးသမဝါယမအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ အတွင်းရေးမှူး ဦးမင်းအောင်က လက်ခံရယူသည်။

(၂၄၇)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးများ မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုကို မေ ၅ ရက်က မြို့မဈေးကြီးအတွင်း၌ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များ၊ ဈေး အရန်မီးသတ်များနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြလေ့ကျင့်မှုခြင်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၄)

ပေးအပ်

မေ ၁ ရက်က ရမ်းဗြဲမြို့ မြို့ပေါ်ရပ်ကွက်များမှ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၃၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မြို့နယ်ရုံး ရမ္မာဝတီခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်က နိုင်ငံသားအရည်အချင်းပြည့်မီသူ တစ်ဦးသို့ စိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က-ပ)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှ ကြီးမှူးပြီး အောက်ပါ M.A(TEFL) (Teaching of English as a Foreign Language)(အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်း) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည် – M.A(TEFL) (Teaching of English asa Foreign Language)
လက်ခံမည့်ဦးရေ – (၂၀) ဦး
အနိမ့်ဆုံးပညာအရည်အချင်း – တက္ကသိုလ်တစ်ခုခုမှ အသိအမှတ်ပြုဘွဲ့လက်မှတ် ရရှိပြီးသူဖြစ်ရမည်။
သင်တန်းဝင်ခွင့် – ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်။ (တက္ကသိုလ်များရှိ အင်္ဂလိပ်စာဌာနများမှ M.phil Dip. ELT ရရှိထားသူများကို တိုက်ရိုက်ဝင်ခွင့်ပြုမည်)
သင်ကြားပို့ချမည့်အချိန် – တနင်္လာနေ့မှ သောကြာနေ့ထိ၊ နေ့စဉ် (၁၃း၀၀)နာရီမှ (၁၇း၀၀)နာရီထိ
သင်တန်းကာလ – (၂)နှစ်
သင်တန်းကြေး – တစ်လ ကျပ်(၅၀၀၀)
ပေးအပ်မည့်ဘွဲ့ – M.A(TEFL) (Teaching of English asa Foreign Language)
လျှောက်လွှာစတင်လက်ခံမည့်ရက် – (၁၇-၅-၂၀၀၄) မှ (၂၇-၅-၂၀၀၄) အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက် – (၂၉-၅-၂၀၀၄) နံနက် ၉ နာရီမှ ၁၂ နာရီ
လျှောက်လွှာလက်ခံမည့်နေရာ – ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန် – ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် အစီအစဉ်ဖြင့် အင်္ဂလိပ်စာဌာနမှ ကြီးမှူးပြီး အောက်ပါဘွဲ့လွန်ဒီပလိုမာ သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည် – အင်္ဂလိပ်စာသင်ကြားရေး နည်းပညာဒီပလိုမာသင်တန်း (Diploma in English Language Teaching Methodology)
လက်ခံမည့်ဦးရေ – (၃၀)ဦး
အနိမ့်ဆုံးပညာအရည်အချင်း – ဘွဲ့ရ(မည်သည့်ဘွဲ့မဆို)
သင်ကြားမည့်နေရာ – ရန်ကုန်ပညာရေးတက္ကသိုလ်
သင်ကြားပို့ချမည့်အချိန် – တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် (၇း၀၀)နာရီမှ (၉း၀၀)နာရီအထိ
သင်တန်းကာလ – ကိုးလ
သင်တန်းကြေး – တစ်လကျပ်(၃၀၀၀)
ပေးအပ်မည့်လက်မှတ် – (Diploma in English Language Teaching Methodology)
လျှောက်လွှာစတင်လက်ခံမည့်ရက် – (၁၇-၅-၂၀၀၄)မှ (၂၇-၅-၂၀၀၄) အထိ
ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက် – (၂၉-၅-၂၀၀၄) နံနက် ၉ နာရီမှ ၁၂ နာရီ
စာမေးပွဲကျင်းပမည့်နေရာ – ရန်ကုန်ပညာရေးတက္ကသိုလ်
လျှောက်လွှာလက်ခံမည့်နေရာ – ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန် – ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၅၃၄၂၇၃၊ ၅၂၇၅၂၇

ပလတ်စတစ်ကုန်ကြမ်းအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းများ - ပလတ်စတစ်ကုန်ကြမ်းအမျိုးမျိုး
၂။ တင် ဒါပိတ် ရက် - (၂၁-၅-၂၀၀၄)ရက်နေ့
၃။ အချိန် - (၁၄း၀၀)နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်) — တယ်လီဖုန်းအမှတ်
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် — ၅၆၁၃၉၁
ရန်ကုန်မြို့။ — ၅၆၆၇၁၅
၅၆၆၇၁၆

ဆုထူးပန် အဘိဓမ္မာ သင်တန်းများ ဖွင့်ပြီ

"ပြောသလောက်မခက်၊ ခက်သလောက် လွယ်အောင်" မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော် များကို ခေတ်မီသင်္ကေတနည်းများဖြင့် သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန် ဆရာကြီး ဦးဟန်က ဦးဆောင်ပို့ချပေးမည်။ သင်တန်းသား အသစ်၊အဟောင်းများနှင့် ရန်ကုန်သင်တန်းခွဲများမှ အကျိုးဆောင်များ၊ စိတ်ပါဝင်စားသူများ အောက်ပါအစီအစဉ်အတိုင်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

သင်တန်းဖွင့်ပွဲနေ့ – ၂၂-၅-၂၀၀၄ (စနေ)
သင်တန်းဖွင့်ပွဲအချိန် – နံနက် ၀၈း၃၀နာရီ
သင်တန်းဖွင့်ပွဲနေရာ – ဗြဟ္မဝိဟာရဓမ္မာရုံ၊ ၃၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း
စုံစမ်းရန် – ဦးအုန်းခင် ဖုန်း-၅၅၉၆၂၈။

အမည်ပြောင်း

အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)အဋ္ဌမတန်း(E)မှ ဦးကြည်တိုး၏ သား မောင်ပြည့်ဖြိုးပိုင်အား ယနေ့မှစ၍ မောင်ဖြိုးစည်သူ ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးစည်သူ။**

အမည်ပြောင်း

မကွေးမြို့ အထက(၁) ဒသမတန်းမှ အဖဦးဇော်မိုး၏ သမီးဖြစ်သူ မဇူစျာန်မိုဃ်းအား ယနေ့မှစ၍ မဇူစျာန်မိုဃ်းဦးဟု ပြောင်းလဲ ခေါ်ပါရန်။

အမည်ပြောင်း

လှိုင်သာယာမြို့ အလက(၄) အဋ္ဌမတန်း(င)မှ ဦးသာကျော်၏သား ဖြစ်သူ မောင်တင်စိုးအား မောင်သန်းဌေးဟု ပြောင်းလဲ ခေါ်ပါရန်နှင့် လှိုင်သာယာမြို့ အလက(၄) အဋ္ဌမတန်း(င)မှ မောင်တင်စိုး(ခ) မောင်သန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးသာကျော် ၁၁/မဥန(နိုင်)၀၁၈၆၂၄ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ကက/၄၉၅၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊(မူဆယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊(မူဆယ်)**

အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နေ ဦးမောင်ညို-ဒေါ်ခင်မိုးနှောင်းတို့၏ သားများ ဖြစ်သော (အလက) အဋ္ဌမတန်းမှ မောင်ဖြိုးထက်မောင်အား မောင်ဖြိုးထက်နိုင် ဟု လည်းကောင်း၊ ပဉ္စမတန်းမှ မောင်ဖြိုးသီဟမောင်အား မောင်သီဟဇော်ဟု လည်းကောင်း ပြောင်းလဲ ခေါ်ပါရန်။
မောင်ဖြိုးထက်နိုင်၊မောင်သီဟဇော်။

DŌZO

Dress Making & Fashion Design Technical School ဒေါ်သီတာဝင်း B.Sc,Dip in Fashion Design (Japan)ဖက်ရှင် ဒီဇိုင်းပုံဆန်းများကို လက်တွေ့ချုပ်နိုင်၊ ထွင်နိုင်သည်အထိ Koran Fashion Design (Japan) ကျောင်းမှ နည်းများအတိုင်း သင်ကြားပါသည်။

Basic Course - Blouse+Skirt
Start Date - 29-5-2004
Advance Course- Coat+ Trouser+ Expert Pattern

လိပ်စာ-၅၈၄၊ ဓမ္မာရုံလမ်းမကြီး၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ခြောက်မိုင်ခွဲ၊ ဖုန်း- ၅၃၆၈၆၁၊ ၀၉ ၅၀၀ ၄၈၃၀

အမည်ပြောင်း

အဖ ဦးဌေးကျော်၏ သမီးဖြစ်သူ အလက(၆)လှိုင် ပဉ္စမတန်း(က)မှ မနန္ဒာသက်လင်းအား မချော့စုစုဟန်ဟု ပြောင်းလဲခေါ်ပါရန်။
မချော့စုစုဟန်။

ဖခင်အမည်မှန်

အထက(၁)ကလေး နဝမတန်း (အေ)မှ မနှင်းအိမျိုး၏ ဖခင် အမည်မှန်မှာ ဦးစန်းဖေ ဖြစ်ပါသည်။

အမြန်ရောင်းမည်

၁၅ပေ X ပေ ၆၀ အမှတ် ၈၁(B) ငါးလွှာ ရေမီးအစုံ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း (ညှိနှိုင်းဈေး)
ဖုန်း-၅၇၃၂၄၇

အမည်ပြောင်း

ဦးဘာတီယား၏ သား ကျောင်းဆရာ ဦးလူလာယာအား ဦးလူလှဟု ခေါ်ပါရန်။ **ဦးလူလှ**
အမက သေကံ
မင်းပြား

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နေ ဦးကျော်စိုး၁၂/လမန(နိုင်)၁၂၅၄၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးကျော်စိုးသည် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာတွင် (ကျော်မိုးစိုးကဏန်းပွဲရုံ)လုပ်ငန်းကို ၂၀၀၁ ခုနှစ် ဇွန်လမှစတင်၍ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့သစ်၊ ဝါးတရာအပိုင် လိမ့်ကုန်းကျေးရွာ ရန်ကုန်မြို့နေ ဦးလှစိုး မှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၁၈၅၀၉ ကို ပွဲရုံလုပ်ငန်းတာဝန်ခံ ငွေကိုင်အဖြစ် တာဝန်ပေးခန့်ထားဆောင်ရွက်စေခဲ့ပါသည်။ ပိုင်ရှင် ဦးကျော်စိုးမှ ပွဲရုံလုပ်ငန်း၏ ၂၀၀၁ ခုနှစ် ဇွန်လမှ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအထိ ဝင်ငွေထွက်ငွေ လက်ကျန်ငွေစာရင်းများကို စာရင်းရှင်းလင်း စစ်ဆေးသောအခါ ဦးလှစိုးမှ လက်ကျန်ငွေပေါင်း ၅၅၃၅၉၇၅/- (ငါးဆယ့်ငါးသိန်းသုံးသောင်းငါးထောင်ကိုးရာခုနစ်ဆယ့်ငါးကျပ်)တိတိကို ကိုယ်ကျိုးအဖြစ်အလွဲသုံးစား ပြုခဲ့ပါသည်။

ဦးလှစိုးမှ ၎င်းကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည့်ငွေများကို ၃၀-၃-၂၀၀၄ ရက်တွင် ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း တစ်စုံတစ်ရာ ပေးဆပ်ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။

ယနေ့ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဦးလှစိုးမှ လာရောက် ရှင်းလင်းပေးဆပ်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲတရားဥပဒေများအရ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့်
တရားရုံးချုပ်ရှေ့နေ (စဉ်-၄၆၂၃)
H.G.P., LL.B, Dip: in Business Law
တံခွန်တိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။



ဒေါ်ကြူကြူဝင်း (B.Sc.,BED) အထပြ အထက(၁) တောင်တွင်းကြီး အသက်(၄၆)နှစ်

တောင်တွင်းကြီးမြို့ တောင်ပြင် (၂) ရပ်ကွက်နေ(ဦးအုန်း)-ဒေါ်သန်းမြတို့၏ သမီး၊ ဦးနေဝင်း ဒေါ်ကြည်တင်၊ ဦးမြင့်ဝင်း-ဒေါ်သန်းရီ၊ ဒေါ်သန်းဌေးဝင်း၊ ဦးရန်အောင်၊ ဒေါ်ခင်အေးစိုး၊ ဦးဉာဏ်ဝင်း-ဒေါ်အုန်း မာန်ရှင်းတို့၏ညီမ၊ ဦးမင်းနိုင်-ဒေါ်ညိုမိမိမြင့်၊ ဒေါ်မူမူဝင်း၊ ဦးသက်နိုင်- ဒေါ်ဝင်းဝင်းကြည်၊ ဦးသိန်းဌေး-ဒေါ်ဆွေဆွေဝင်းတို့၏ အစ်မ၊ တူ၊တူမ၁၅ယောက်တို့၏အဒေါ် ဒေါ်ကြူကြူဝင်းသည် ၁၀-၅-၂၀၀၄ ရက် ၁၂း၀၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၁-၅-၂၀၀၄ ရက်တွင် တောင်တွင်းကြီးမြို့ မြို့မသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။



အမည်ပြောင်း

ဦးတင်ထွန်း၏သား လင်းခေးမြို့၊ အထက ဒသမတန်းမှ မောင်ဖြိုးဝေထွန်း(ခ) မောင်ကျော်ဝင်းရှိန်အား မောင်ကျော်ဝင်းရှိန် ဟု ခေါ်ပါရန်။
မောင်ကျော်ဝင်းရှိန်။

အမည်ပြောင်း

ဦးစိုင်းခေးတိုင်း၏သား တောင်ကြီးမြို့ အထက(၅) နဝမတန်း (D)မှ စိုင်းလှိုင်းဆိုင်အား စိုင်းတွမ်ခမ်း ဟု လည်းကောင်း၊ သမီး နန်းထွေးအောင်အား နန်းထွေးအွမ်ခမ်းဟု လည်းကောင်း ခေါ်ပါရန်။ **စိုင်းတွမ်ခမ်း၊ နန်းထွေးအွမ်ခမ်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ 4 Tickets မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပါ။ ကျေးဇူးဆပ်ပါမည်။
ကိုအောင်ကျော်သိန်း။

ပြည်ဗဟို ကုမ္ပဏီလီမိတက် ဒါရိုက်တာများနှင့် အများသိစေရန်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၅၃နေ ဒေါ်အေးအေး (ဒါရိုက်တာ) ပြည်ဗဟိုကုမ္ပဏီ လီမိတက်၊ အမှတ် (၇၀/၇၂) မြေညီထပ်၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၏ ညွှန်ကြားချက်အရ ပြည်ဗဟိုကုမ္ပဏီ လီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဝင်း၊ ဒါရိုက်တာဦးစံအေး(ခ) ဦးသောင်း၊ ဦးဆွေတင့်၊ ဦးရှီအိုဒေယာ(လ်)ဗားမားနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်မှ ကျင်းပမည်ဆိုသော ပြည်ဗဟိုကုမ္ပဏီလီမိတက် အစည်းအဝေးတွင် မှန်ကန်သော ဆွေးနွေးဆုံးဖြတ်ချက်များ တင်ပြချမှတ်နိုင်ရန် ကုမ္ပဏီ၏ စာရင်းဇယားများ စာချုပ်စာတမ်းများကို ကြည့်ရှုကူးယူခွင့်ပြုရန် ကုမ္ပဏီတွင် တာဝန်ယူလုပ်ဆောင်လျက်ရှိသော ဒါရိုက်တာများထံ ၁၈-၃-၂၀၀၄ ရက်စွဲပါ နို့တစ်စာပေးပို့၍ တောင်းခံခဲ့ရာ ဒါရိုက်တာများက ကုမ္ပဏီရုံးခန်း၌ လာရောက်ကြည့်ရှုမှတ်သားနိုင်ရန် စီစဉ်ထားမည်ဆို၍ ၂၄-၄-၂၀၀၄ (စနေနေ့) နံနက် ၁၀နာရီတွင် ပြည်ဗဟို ကုမ္ပဏီလီမိတက်ရုံးခန်းသို့ သွားရောက်ခဲ့ပါသည်။ သို့သော် ကုမ္ပဏီ၏ မည်သည့်စာရွက်စာတမ်း စာရင်းဇယားကိုမှ တွေ့မြင်ကြည့်ရှုခွင့်မရရှိဘဲ ၁၄-၁၁-၂၀၀၂ ရက်တွင် ကုမ္ပဏီဒါရိုက်တာ လေးဦး အစည်းအဝေးဆုံးဖြတ်ချက်ဆိုသည့် မှတ်တမ်းတစ်ခုသာ ရရှိခဲ့ပါသည်။ ယနေ့တိုင် မည်သည့်စာရင်းဇယားကိုမှ ကျွန်ုပ်၏အမှုသည်အား ပြသပေးအပ်ခြင်းမရှိကြောင်း တွေ့ရပါသည်။

ယင်းအစည်းအဝေးမှတ်တမ်းတွင် ဒါရိုက်တာ လေးဦးက ကုမ္ပဏီပိုင် လှိုင်သာယာ အမှတ်(၂)စက်မှုဇုန်ရှိ ဂိုဒေါင်နှင့် ၂၉လမ်းရှိ ကုမ္ပဏီရုံးခန်းကို ရောင်းချရန် ဆုံးဖြတ်ချက် ချမှတ်ထားကြောင်း တွေ့ရပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်အေးအေးအနေဖြင့် ပြည်ဗဟိုကုမ္ပဏီလီမိတက် စတင်တည်ထောင် သည်မှ ယနေ့အထိ ကုမ္ပဏီ၏ မည်သည့်စာရင်းများကိုမှ တွေ့မြင်သိရှိခဲ့ရခြင်း မရှိသည့်အတွက် စာရင်းရှင်းလင်းပေးရန် ဆောင်ရွက်နေဆဲဖြစ်၍ အထက်ဖော်ပြပါ ကုမ္ပဏီပိုင် မည်သည့်ပစ္စည်း၊ မည်သည့်ငွေကြေးကိုမျှ ဒေါ်အေးအေး၏ အတိအလင်းသဘောတူညီချက်မရှိဘဲ စီမံခန့်ခွဲခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ကြရန် တားမြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ညွှန်ကြားချက်အရ-

ဦးတင်ယု
တရားရုံးချုပ်ရှေ့နေ
၂၉/၃၅လမ်း၊ (အောက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မသက်ဆိုင်ပါကြောင်း

ကျွန်မ မဥမ္မာလွင်(ခ)ဥမ္မာလင်း (PBDN-၀၀၇၂၀၆)၏ခင်ပွန်းဖြစ်သူ ကိုဝင်းကျော်ထူး (ခ)မောင်အောင် ၁၂/ဗဟန(နိုင်)၀၈၄၄၆၇သည် ကျွန်မအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၂-၅-၂၀၀၄ ရက်က ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ထိုနေ့မှအစပြု၍ ကျွန်မနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအတွက်(လုံး၀)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဥမ္မာလွင်(ခ)ဥမ္မာလင်း
PBDN-၀၀၇၂၀၆

ကိုယ်စားလှယ်လွှဲအပ်ခြင်းအားရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်သိန်း နိုတာရီကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၁/၂၀၀၃) ၃၁-၇-၂၀၀၃ရက်စွဲပါ အရ ဗိုလ်ကြီးထွန်းနိုင်(ငြိမ်း)၊ အမ်ဝိုင်ဂျီအင်န်-၀၁၈၈၇၀၊ အမှတ်(၁၃၆)ပါရမီလမ်း ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူက ဦးကျော်ဝင်းနိုင်(ဘ)ဦးလှမောင်၊ ၃/ကဆက(နိုင်)၀၀၄၂၇၀၊ အောင်နန်း၃လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့ ကရင်ပြည်နယ်နေသူအား သီဟနိုင် ခရီးသည်ပို့ဆောင်ရေး၊ ရန်ကုန်၊ဘားအံ ခရီးစဉ်လုပ်ငန်းကိစ္စအဝဝ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဗိုလ်ကြီးထွန်းနိုင်(ငြိမ်း)၏ ကိုယ်စား သက်ဆိုင်ရာဌာနရုံးအသီးသီးတို့တွင် လုပ်ကိုင်ဆောင် ရွက်နိုင်ရန်အတွက် ဦးကျော်ဝင်းနိုင်သို့ အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းကို သတင်းစာပါ သည့်နေ့မှစ၍ ကိုယ်စားလှယ်လွှဲအပ်ပေးသူ ဗိုလ်ကြီးထွန်းနိုင်(ငြိမ်း)က တရားဝင်ပြန်လည် ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဗိုလ်ကြီးထွန်းနိုင်(ငြိမ်း)
အမ်ဝိုင်ဂျီအင်န်-၀၁၈၈၇၀

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်သူမျိုး နိုင်ငံသား စိစစ်ရေးကတ် ၁၂/ကမရ(နိုင်) ၀၅၅၅၂၆ သည် မိဘ၏ ဆိုဆုံးမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် အိမ်မှဆင်းသွားပါသဖြင့် ၁၂-၅-၂၀၀၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(မေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မြတ်ကြင်။

ဝမ်းနည်းကြေကွဲခြင်း ဦးဝင်းလှိုင် မန်နေဂျာ၊ မြန်မာယူနီဗာဆယ်ဘဏ်(ရုံးချုပ်) အသက်(၄၃)နှစ်

ရန်ကုန်မြို့ အမှတ် ၂၃၁၄၁လမ်း မအူကုန်း တာမွေမြို့နယ်နေ ဒေါ်ခင်ဌေးရီ(ခ)မချို၏ ခင်ပွန်း၊ ဦးဝင်းလှိုင်သည် ၁၁-၅-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။ **ကိုလှကြိုင်-မစန္ဒာထွေး၊ တောင်ဇလပ်ကဖီး(မကွေး)**

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ငွေ အလုပ်အမှုဆောင်အဖွဲ့ဝင်(Ex; Captain)ရန်ကုန်ဂေါက်သီးရိုက်အသင်းသည် ၁၁-၅-၂၀၀၄ရက် ည ၉း၄၅ နာရီ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်
အသင်းသူအသင်းသားများ
ရန်ကုန်ဂေါက်သီးရိုက်အသင်း။

ဦးခင်မောင်တာ ကန်တော်ကလေး အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ကန်တော်ကလေး၊အမှတ် ၄၇၊ ၈၉လမ်းနေ (ဦးကျော်အေး-ဒေါ်လှသွင်)တို့၏သား၊ ဦးမျိုးဇင်-ဒေါ်စိုးစိုးမော်၊ဦးမျိုးသိန်း-ဒေါ်သစ်သစ်၊ ဒေါ်နွယ်နွယ်၊ ဦးသိန်းရွှေ-ဒေါ်လွင်လွင်အေး၊ ဦးဇော်ထွန်းလေး- ဒေါ်အေးအေးမွန်တို့၏ ညီမောင်၊ တူ တူမ ငါးယောက်တို့၏ ဦးလေးသည် ၁၀-၅-၂၀၀၄ ရက် မွန်းလွဲ ၁၂း၄၀ နာရီတွင် အမှတ် ၉/လေးလွှာ (B)လမ်း၊ ၉၀ နေအိမ်၌ ကွယ်လွန်ပြီး ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ကွယ်လွန်သူ၏ ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်ညွန့် (ပဲခူး)
အသက်(၈၃)နှစ်

ပဲခူးမြို့နေ (ဦးဖိုးဝေ-ဒေါ်သက်သက်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် ၃၃ နေ ဇေယျကျော်ထင် ဦးမျိုးမြင့်(အငြိမ်းစား၊ ဒုတိယဝန်ကြီး၊သံအမတ်ကြီး)၏ဇနီး၊(ဗိုလ်မှူးထွန်းအောင်ကျော်)-ဒေါ်သဇင်မြင့်၊ ဗိုလ်မှူးချုပ်မြင့်စိုး-ဒေါ်မာလာမြင့်၊ ဦးဘုန်းမောင်မြင့်-ဒေါက်တာတင်ဇာလွင်၊ဦးလှချစ်-ဒေါ်သီဂီမြင့်၊ဦးဘုန်းနိုင်မြင့်-ဒေါ်အေးအေးမွန်၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း၊ ဦးကျော်မိုးမြင့်-ဒေါ်ခင်အေးသိုက်၊ ဦးသီဟမျိုးမြင့်-ဒေါ်ရည်မွန်အောင်တို့၏မိခင်ကြီး၊ မခင်ပြည့်စုံ၊ မောင်ဗညားစိုး၊ မလင်းမာ၊ မောင်ပြည့်ဖြိုးအောင်၊ မသီရိ၊ မောင်ဖြိုးဝေစိုး၊ မောင်မျိုးဝေစိုး၊ မအေးအေးသီတာအောင်၊ မောင်အောင်စစ်မိုး၊ မမွန်ဘုန်းနိုင်၊ မရည်သွယ်အောင်၊ မောင်ကောင်းဆက်မိုးမြင့်၊ မောင်ကျော်သူရ၊ မမေဓွန်ဘုန်းနိုင်၊ မခိုင်ချိုတို့၏ဘွားဘွားကြီးသည် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြွေ (ကြည့်မြင်တိုင်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် ၇၂ နေ (ဦးအေးကြည်-ဒေါ်တင်တင်)တို့၏သမီးကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်စိန်-ဒေါ်တင်)တို့၏သမီးချွေးမ၊ ဒု ရဲမှူးကြီး ရဲသူရကျော်မြင့်(ငြိမ်း)-ဒေါ်နွဲ့နွဲ့အေး၊ ဦးအေးကို[ဒု-ညွှန်မှူး၊ မိုး/ဇလ(ငြိမ်း)]-ဒေါ်မေစန်းမြင့်(စီမံကိန်း၊ ငြိမ်း)တို့၏အစ်မကြီး၊ [ဦးကျော့ရှင်း-လ/ထညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန]၏ဇနီး၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မေကျော့ရှင်း၊ ဦးကျော်လင်း(ဒု-အကောက်ခွန်မှူး၊ နစရ၊ မြဝတီ)- ဒေါ်စပယ်ကျော့ရှင်းတို့၏မိခင်၊ မမေဓွန်ကျော့ရှင်း (1st Year,Korean,YUFL)၊ မောင်ရှင်းသန့်ကျော်လင်းတို့၏အဘွားသည် ၁၃-၅-၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
အားရှယ်(ခ)ဒေါ်ငွေငွေလွင်
(အလပြဆရာမ၊ ငြိမ်း၊ လှိုင်လင်)
အသက်(၄၇)နှစ်

လှိုင်လင်မြို့၊ တ/၃၅၊ အနောက်ကျောင်းလမ်းနေ (ဦးကွယ်ချမ်း)-ဒေါ်နန်းဥတို့၏သမီး၊ ဦးတင်မြင့်၊ ဦးမောင်မောင်ထွန်း(လှိုင်လင်)တို့၏ညီမ၊ စိုင်းခွန်ထွန်း-မမြင့်မြင့်လွင်(လှိုင်လင်)၊ မရီရီလွင်(လှိုင်လင်)၊ ဦးစိုင်းလင်း-မစန်းစန်းလွင်(ကွန်ဟိန်း)၊ မောင်ထွန်းအောင်(လှိုင်လင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်၊ ၁၀ မိုင်၊ ရန်ကြီးအောင်လမ်း၊ ခြံအမှတ် ၉/၁၁၉၊ အင်းစိန်မြို့နယ်နေ ဦးမြင့်အေး(အကောက်ခွန်မှူး၊ ငြိမ်း)၏ဇနီး အားရှယ်(ခ) ဒေါ်ငွေငွေလွင်(အလပြ၊ ဆရာမ၊ ငြိမ်း၊ လှိုင်လင်)သည် ၉၆ပါးသောရောဂါဖြင့် ၁၂-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၀၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဥမ္မာလွင် (B.Ed)
အသက်(၅၄)နှစ်

ဒေါ်ဥမ္မာလွင်(B.Ed) အသက်(၅၄)နှစ်သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်း-ဒေါ်ရီရီတင်နှင့်တပည့်များ၊
အသုံးလုံးစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့၊
(၁၉၈၀ခုနှစ် ဧပြီလ ကောလင်းမြို့နယ်)၊
(ယခင် အမှတ်-၃၊ ဒေသကောလိပ်၊ ကြည့်မြင်တိုင်နယ်မြေ)။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဦးလှနိုင်
အသက်(၇၁)နှစ်

ပေါင်းတည်မြို့၊ မင်းကွက်(၁) ရပ်ကွက်၊ ၁၃ လမ်းနေ (ဒေါ်ညိုညို)၏ခင်ပွန်း၊ ကြယ်မင်းညိုညို ဆေးလိပ်ခုံ၊ မောင်ဝင်းမြတ်၏ဖခင်၊ ရာသက်ပန်အသင်းဝင်(၄၂)ဦးလှနိုင်သည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ပေါင်းတည် တောင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

SCHILLER EDUBANK BUSINESS & ENGLISH INSTITUTE (SBEI)

(1) Four Skills + 3 Skills English Courses (2) TOEFL
(3) MBA Foundation Course
(4) Basic/Professional English သင်တန်း
(5) အလုပ်ရှာဖွေရေးဝန်ဆောင်မှု

အမှတ် ၇၀၇၊ ခုနစ်လွှာ၊ ယုဇနတာဝါ။ ဖုန်း - ၅၅၈၁၇၁

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဦးမောင်မောင် (မင်းတုန်း)
မြို့မဝန်ထောက်(ငြိမ်း)
အသက်(၉၆)နှစ်

မင်းတုန်းမြို့နေ ဦးပေါ်သစ်-ဒေါ်ပွင့်တို့၏သား၊ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ (ဦးခင်လှ)-ဒေါ်ကြည်ကြည်၊ (ဦးခင်မြ)-ဒေါ်တင်မြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်(ငြိမ်း)-ဒေါ်ခင်တင့်၊ (ဦးတင်မောင်သန်း)-ဒေါ်ကြည်လှိုင်၊ ဒေါက်တာကျော်ထွေး-ဒေါက်တာရီရီလွင်တို့၏ဦးလေး၊ ဒေါ်ခင်ခင်၊ ဦးသိန်းလွင် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ခင်ဇော်(အလပြ၊ ငြိမ်း)၊ ဒေါ်ခင်မာဝေ၊ ဒေါ်ရီတို့၏ဖခင်၊ ဒေါ်ငယ်ငယ်နှင့် မြေး ၃၂ ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၀၄ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၀၄ရက် ညနေ ၅ နာရီတွင် မင်းဘူးမြို့ ကျောက်တံခါးသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုန်းမြင့် (သာယာဝတီ)
ခရိုင်အားကစားမှူး(ငြိမ်း)
အသက်(၇၉)နှစ်

သာယာဝတီမြို့၊ ပြည်လမ်း၊ ရေဝေရပ်ကွက်နေ (ဦးသူငယ်-ဒေါ်ဒေါ်ပြုံး)တို့၏သား၊ ဦးကြီးမြင့် (ပြည်နယ် အခွန်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်တင်တင်ကြီး၊ (ဒုတိယဗိုလ်မှူးကြီးစိုးမြင့်၊ ငြိမ်း)-ဒေါ်ခင်စိန်တို့၏ညီ၊ (ဦးလှမြင့်၊ လက်ထောက်မှတ်ပုံတင်အရာရှိ၊ ငြိမ်း)-ဒေါ်တင်တင်လေး၊ (ဦးဝမ်းမြင့်၊ ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်မြညွန့်၊ ဒေါ်သန်းသန်း၊ (ဦးသန့်ဇင်)၊ ဦးညီညီ (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရွှေနေချုပ်ရုံး)-ဒေါ်ကြည်ကြည်မြင့်၊ ဦးဆန်နီ (ဂုန်လျှော်စက်ရုံ)တို့၏အစ်ကိုကြီးသည် ၁၄-၅-၂၀၀၄ရက်တွင် သာယာဝတီမြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သာယာဝတီမြို့ ထောင်ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးငချက်ကြီး
(လေးတောင်အရှေ့မော်ကျေးရွာ)
အသက်(၇၈)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်အရှေ့မော်ရွာနေ (ဦးဘတင်)၊ ဒေါ်စောကြည်၊ ဒေါ်စောရီ၊ ကိုဝင်းရွှေ-မခင်နန်းမြင့်၊ကိုဝင်းနိုင်-မတင်တင်အေးတို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုး၊ ဒေါ်စောဖြူ၏ခင်ပွန်းသည် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့)နံနက် ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်လှရီ
(ချစ်စရာဟိုတယ်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄နေ ဦးလုံးတင်၏ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်-မတင်စန်း၊ ကိုမျိုးနိုင်-မအေးအေးလွင်၊ ကိုညီညီလွင်-မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် သဃ်န်းကျွန်းနေအိမ်၌ ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၅-၂၀၀၄ရက်တွင်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့် (ဟင်္သာတ)
လက်ထောက်တိုင်းပညာရေးမှူး
(စစ်ဆေးရေး)ပုသိမ်မြို့
အသက်(၅၇)နှစ်

ဟင်္သာတမြို့၊ ဆကာရပ်ကွက်၊ စိတ္တသုခလမ်းနေ (ဦးရှောင်ရုံ-ဒေါ်အေးစိန်)တို့၏သား၊ (ဦးစိုး-ဒေါ်ရွှေမြ)တို့၏သားသမက်၊ ဒေါ်ရင်ရင်(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဇော်မင်းထွန်း၊ မောင်သက်ထွင့်ဆွေတို့၏ဖခင်သည် ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက်(စနေနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [အမှတ် ၁၃၆၄၊ ထူပါရုံ ၁၀ လမ်း၊ အရှေ့(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဝင်းဇော်-ဒေါ်တူးတို့၏ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းထူး
(စာရင်းစစ်မှူး၊ ကြည့်မြင်တိုင်မြို့နယ်စာရင်းရုံး)
အသက်(၅၇)နှစ်

မော်လမြိုင်မြို့နေ (ဦးဘမင်း-ဒေါ်အေးကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်း၊ အမှတ် ၅၀ နေ (ဦးမြင့်သိန်း)၏ဇနီး၊ မောင်လှမြင့်ဦး (စာရင်းစစ်ချုပ်ရုံး)၊ ဦးကျော်စွာဝင်း(C.M.A)-ဒေါ်ယဉ်ယဉ်မြင့်(C.M.A)၊ မောင်ထွန်းမြင့်နိုင်တို့၏မိခင်၊ မအေးဂျူလိုင်မိုး၏အဘွားသည် ၁၄-၅-၂၀၀၄ရက် နံနက် ၇း၃၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် အနောက်ပိုင်းဆေးရုံမှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu.Thawng Kho Zam
(တပ်ကြပ်ကြီးစာရေး၊ ငြိမ်း)
Chairman
Tedim Baptist Church-Yangon
(အဖွဲ့ဝင်၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့)
Manager IDEMITSU
(မုံရွာမြို့ ၁၉၉၀-၉၄)
Manager, U.M.W
(Yangon Branch 1995-2003)
(သတင်းစာကိုယ်စားလှယ်၊တီးတိန်မြို့)
အသက်(၆၂)နှစ်

တီးတိန်မြို့နယ်၊ Laibung ရွာနေ (Pu. Khai Ngul- Pi.Ngoih Huai) တို့၏ စတုတ္ထမြောက်သား၊ (Capt.Mang Kho Lian)- Pi Ciin Kho Hau တို့၏ သားသမက်၊ Pu.Thuam Za Cin-(Pi. Hau Za Cing)၊ Pi Zen Suan Cing၊ (Nu. Ngul Kho Cing- Pu.Suan Za Go), (Pi. Dim Za Awi)- Pu.Ngen Za Do(Kalemyo) တို့၏ ညီ/မောင်၊ Pa.Ngulh Kho Suan- Nu Thang Cing တို့၏ အစ်ကို၊ Huai Ngo Lun (ခ) နိုးနိုး B.Sc.,(Botany)၊ Nu Hau Khan Dim (ခ)ခက်ခက် B.Sc, (Environmental Studies)- Pa Thang Cin Pau (A.G.T.I ၊ မုံရွာ)၊ Lia Lian Za Cing(ခ)ကြင်နိုး B.Miss., B.A.,(Public Policy), M.Div., I-(FBTS)၊ Lia Ngul Cin Cing Mung (ခ)ကြေးမုံ LL.B.,(Third Year)တို့၏ဖခင်၊ အမှတ် ၁၃/၁၂၊ အေးရိပ်မွန် ၁ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ Pi. Ngoih Khawm Cing ၏ခင်ပွန်းသည် ၁၃-၅-၂၀၀၄ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် Sakura Medical Centre တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ ယုဒသဃန်အောက်မေ့ဖွယ်ခန်းမ၊မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းရုံးချုပ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စမ်းစမ်းမြင့် (အန်တီစမ်း)
(ဟံသာမြင့်)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၂၄၄၊ ကျူကွဆံလမ်း၊ တတိယလွှာ ခေါင်းရင်းခန်း၊ ကျားကွက်သစ်ရပ်ကွက်နေ (ဦးလှထွန်း-ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးထူး-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်ကြိုင်၏ဇနီး၊ (ဦးမြင့်ထွန်း-ဒေါ်သက်ယုဝင်း)၊ ဦးမြင့်သန်း-ဒေါ်ကြည်ကြည်စိန်တို့၏ညီမ၊ ဦးမြင့်ဆန်း-ဒေါ်အေးဝင်းတို့၏အစ်မ၊ ဦးဝင်းဆွေ-ဒေါ်မာလာအေး(အလိမ္မာ)၊ မောင်သက်မျိုးဇော်-မစောသဇင်ဦးတို့၏ မိခင်၊ ဦးသက်ထွန်း - ဒေါ်သန်းသန်းအေး၊ ဦးကျော်ဦး-ဒေါ်ဖြူဖြူအေး၊ မစုသက်လှိုင်၊ မောင်ရွှေစည်ဟံ၊ မအိခိုင်မွန်၊ မရည်ရည်မွန်တို့၏အဒေါ်၊ ဗိုလ်လောင်းဖြူသက်မောင်၊ မောင်ဖြူသက်နောင်၊ မောင်ကျော်မြင့်ထွန်း၊မမေခက်မွန်၊မောင်သက်ဟန်သာဦးတို့၏အဘွားသည် ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရီ
(Daisy Tun Yin)
(ကတိုးကော့နပ်)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အနောက်ကြို့ကုန်း၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၂၊ အခန်း ၁ နေ(ဦးထွန်းရင်-ဒေါ်မြလေး)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ (ဦးဘသန်း)၊ (ဦးပန်းမောင်)၊ (ဦးငွေကိုင်)၊ (ဒေါ်ဖွားခင်)၊ (ဒေါ်လှမေ)တို့၏ညီမ၊ (ဒေါ်စောရှင်)၊ (ဒေါ်ခင်ခင်)၊ဦးထွန်းသိန်း၊ဒေါ်ခင်လေးတို့၏အစ်မသည် ၁၃-၅-၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဆရာမကြီး ဒေါ်ခင်သိန်း
(မိုးကောင်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ ၈၈ လမ်း၊ အမှတ် ၄၃ နေ (ဦးချစ်-ဒေါ်ဒေါ်မိ)တို့၏သမီး၊ ဦးအောင်ကြင်-(ဒေါ်မြရင်)တို့၏အစ်မ၊ ဦးစောဝင်း (စက်ရုံမှူး၊ ပိုးသတ်ဆေးစက်ရုံ၊ မှော်ဘီ)-ဒေါ်ခင်မကြီး(လ/ထ ညွှန်မှူး၊ ရေကြောင်းဦးစီး)၊ ဦးခင်မောင်အေး(E.O)-ဒေါ်စိန်စိန်ရီ၊ ဒေါ်သီဂီကြင်၊ ဦးသိန်းဆွေ၊ ဦးသန်းစိန်တို့၏ကြီးကြီး၊ မောင်မျိုးသွင်-မစောမြသန္တာဝင်း၊ မစောမြနီလာဝင်း၊ မောင်မိုးဇော်အေး၊မစုမြတ်နိုးအေးတို့၏အဘွားသည် ၁၃-၅-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရွှေမျိုး (နတ်တလင်း)
B.A, B.L, D.M.A, B.C.S
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
တရားရုံးချုပ်
အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ၃၈ လမ်းထောင့်၊ တိုက် ၁၀၄-၁၁၂၊ အခန်း ၁၆ (ပထမထပ်)နေ(ဦးဘိုးမောင်-ဒေါ်မြသစ်)တို့၏သား၊ (ဦးကျော်ခင်-ဒေါ်ပု)၊ (ဦးစိန်အေး)-ဒေါ်သန်းရှင်၊ ဦးစိန်ချော(တိုင်းမင်းကြီး၊ ငြိမ်း)-(ဒေါ်မြနွဲ့)၊ (ဦးမောင်တင်-ဒေါ်ပု)၊ (ဒေါ်လေး)၊ (ဒေါ်အေး-ဦးအောင်သင်)၊ ဦးမောင်ဆင်-ဒေါ်ခင်ရွှေ၊ (ဦးထွေးရင်-ဒေါ်တင်တင်ကြည်)တို့၏အစ်ကို၊ ညီ/မောင်၊ ဒေါ်တင်လှိုင်(ခ)ဒေါ်နီ၊ ဦးငွေအောင်(တရားရုံးချုပ်)-ဒေါ်ခင်မာဝင်း (အထက-နတ်တလင်း)တို့၏ဖခင်၊ မဆုဆုစံ၏ အဘိုးသည် ၁၃-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးကျော်ခင်(ခ)မာမက်ဟူစိန်
(ကျောက်ဖြူမြို့)
အသက်(၅၀)

ကျောက်ဖြူမြို့၊ (ဦးကျော်ဇံလှ-ဒေါ်မဒေါင်း)တို့၏သား၊ရန်ကုန်မြို့နေ ဦးဘကျော်-ဒေါ်အေးကြည်တို့၏ သားသမက်၊ဒေါ်အေးကြည်-(ဦးမောင်ထွန်း)၊ ဦးအေးမောင် (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)-ဒေါ်ခင်ခင်မြိုင်၊ ဦးကျော်အေး၊ ဒေါ်စောဖြူ-ဦးအောင်လှစိန်(ဆောက်/လျှပ် မန်နေဂျာ၊ ငြိမ်း)၊ ဒေါ်စိုးသင်းခိုင် (Sister၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး)-ဦးစိုးအောင် (ဒုရဲမှူး၊ ငြိမ်း)၊ ဦးမောင်အောင်ခင် (တိ/မွေးကုဆေးမှူး၊ ရေနံချောင်း)-ဒေါ်ဝင်းရွှေ (အလပြဆရာမ)တို့၏မောင်၊ (ဦးယုခင်)၊ (ဦးစိုးမြင့်အောင်)-ဒေါ်ခင်မာအေး (အလပြဆရာမ)တို့၏အစ်ကို၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ (ကျော်ဆန်းဝင်း)၊ ကျော်စွာဝင်း၊ ခင်မိမိကျော်တို့၏ ဖခင်သည် ၁၀-၅-၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပြီး ၁၁-၅-၂၀၀၄ရက်တွင် ကျောက်ဖြူမြို့ ကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သံဖြူဇရပ်မြို့နယ်၊ သံဃနာယကအဖွဲ့(မဟာဒွါရ)ဥက္ကဋ္ဌ
ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရဇီဇ မဟာထေရ်
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
မဟာသဒ္ဓမ္မဇောတိကဓဇ
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါက်ကျေးရွာ၊ မာလာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယက သံဖြူဇရပ်မြို့နယ် သံဃနာယကအဖွဲ့(မဟာဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တ ဓမ္မသာရဇီဇ မဟာထေရ်ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆုတ် ၅ ရက် (၈-၅-၂၀၀၄ရက်) စနေနေ့ နံနက် ၁၀း၄၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ဆရာတော်၏ အန္တိမသာဓုကီဠနစျာပနသဘင်ပူဇော်ပွဲကို ၁၃၆၆ခုနှစ် ကဆုန်လဆုတ် ၁၃ ရက် (၁၆-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ချင်းတွင်းကလျာဏနှင့်
တပည့်သံဃာတော်များ၊ဒါယကာ၊ဒါယိကာမများ
ကျုံကဒါက်ရွာ၊သံဖြူဇရပ်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်အုန်းခင် (သံတွဲ)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ဗျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ် ၆၊အောင်မာဃလမ်းနေ(ဦးမောင်တုတ်-ဒေါ်ခင်နု)တို့၏သမီး၊ (ဦးသာမြင့်၊ သံတွဲ)၏ဇနီး၊ဒေါ်ခင်အေး-ဦးဝင်းမြင့်(သံတွဲမြို့ ပညာ့တံခွန်စာအုပ်ဆိုင်)၊ ဒေါ်ခင်လေး (သ/မ ရုံးချုပ်)၊ ဦးသန်းသိန်း (စား/ဖျော်၊ ငြိမ်း)၊ ဒေါ်ခင်မူ (မကွေးခရိုင် တရားရုံး)-ဦးခင်မောင်ကြည်(တရားရုံးချုပ်ရှေ့နေ)၊ ဦးဘဟိန်း (စား/ဖျော်၊ငြိမ်း)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်စိန်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
သာသနာရေးဦးစီးဌာန
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ(ဦးဘသန်း-ဒေါ်စောရီ)တို့၏သား၊ (ဦးစံတူ-ဒေါ်ငွေပုံ)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊နတ်သျှင်နောင်လမ်း၊အမှတ် ၃၀၃ နေ ဒေါ်တင်တင်လှ(ခ)ဒေါ်နီ၏ခင်ပွန်း၊ကိုလှမိုး-မသန်းသန်းတင့်၊ကိုခင်လတ်(သသန)-မသီတာမိုး၊ ကိုဇော်ဇော်အောင်(TTAS Co., Ltd.)-မခင်သန္တာမိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည်၁၄-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးကုခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်အေး
ကော့ဘိန်း (ကော့ပေါက်)
အသက်(၄၅)နှစ်

ကော့ပေါက်ရွာ၊ ဗိုလ်ချုပ်လမ်းနေ (ဦးချစ်ခိုင်)၊ ဦးဘိုဝ-ဒေါ်လှခင်တို့၏သားကြီး၊ ဦးဘိုးငွေ-ဒေါ်ပန်းတွတ်တို့၏သားသမက်၊ ဦးရွှေသိန်း-မစန်းစန်းခိုင်၊ ကိုအောင်ကျော်ဦး-မဝင်းဝင်းခိုင်တို့၏အစ်ကိုကြီး၊ မောင်ဇော်မင်းထွဋ်၊ မောင်ဇော်မင်းအောင်၊ မောင်ကိုကိုထွန်း၊ မင်းတလမွန်၊ မဆုဝေနှင်း၊ မအိဝေနှင်းတို့၏ဖခင်၊ ဒေါ်နှင်းရီ၏ခင်ပွန်းသည် ၁၄-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းဆင့်
(တံတားဖြူ-လှိုင်မြို့နယ်)
အသက်(၄၅)နှစ်

အမှတ် ၁၉၄၊ နဂါးနိုင်လမ်း၊ (၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးချန်ထွန်း)-ဒေါ်နှင်းတို့၏ သမီး၊ ဦးထွန်းလွင်-ဒေါ်စန်း၊ ဦးခင်ထွေး-ဒေါ်အုန်းမြ၊ ဦးမောင်မြ-ဒေါ်သန်းစိန်၊ ဦးဇော်မင်း-ဒေါ်လှလှဝင်း၊ ဒေါ်စိန်ဝင်း၊ ဦးတင်စိုး-ဒေါ်မြထွေးတို့၏ညီမ၊ ဦးဝင်းမြင့်ဦး-ဒေါ်သန်းသန်းအေးတို့၏အစ်မ၊ (ဦးစိန်ငွေ)၏ဇနီး၊ မောင်ကျော်ဇင်ထိုက်၊ ဗိုလ်လောင်းအောင်ကျော်ဦးတို့၏မိခင်သည် ၁၄-၅-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
ဒေါ်ခင်သိန်း
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၃၊ ၈၈ လမ်း၊ ကန်တော်ကလေးနေ မြစ်ကြီးနားအသင်းဝင် ဒေါ်ခင်သိန်းသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တုတ်ပိုင် (ဖြူး)
အသက်(၈၁)နှစ်

ပဲခူးတိုင်း၊ ဖြူးမြို့၊ ပင်စင်လမ်းနေ (ဦးလှမောင်)၏ဇနီး၊ ရန်ကုန်မြို့၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၉၈ နေ ဦးသန်းလွင်(ခ)ဦးလုံး-ဒေါ်ဝင်းတို့၏မိခင်၊ မောင်မင်းလွင်ဦး-မကလျာဝင်းထွဋ်၊ မောင်နေမင်းထက်၊ မင်းမင်းဖြိုးတို့၏အဘွား၊ မဇွန်ပွင့်မင်းထွဋ်၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊
ရေကန် ဒါယကာကြီး
အုန်းသီး ဦးဝင်းမြိုင်
(ကြံခင်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၈၀ နေ (ဦးပိန်-ဒေါ်မယ်ရင်)တို့၏သား၊ (ဒေါ်ကျင်ခ)၏ခင်ပွန်း၊ ဒေါ်ထားထားဦး (အထက-၁၊ လသာ)၊ ဦးသီဟ(ဝိဇ္ဇာနည်းကျ မြန်မာ့ဗေဒင်)၊ ဒေါ်ခင်စုစု (အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ မယုဇနခင်၊ ကိုဇေယျာဝင်း၊ မခင်သန္တာဝင်း(ဒုနှစ်၊ ဂျာမန်၊ UFL)တို့၏ဖခင်သည် ၁၃-၅-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချစ်သန့်ဇင်
လ/ထအင်ဂျင်နီယာ(၂)မြို့ပြ
သံလွင်တံတားစီမံကိန်း
(မုတ္တမဘက်ကမ်း)
အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊အောင်သစ္စာလမ်း၊အမှတ် ၄၃၈ နေ ဦးထွန်းကြိုင်-ဒေါ်ကျင်တို့၏ ဒုတိယသား၊ သာကေတမြို့နယ်နေ ဦးမောင်မောင်ထွန်း-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးစိုးသန်း[လ/ထ အင်ဂျင်နီယာ(၂)]-ဒေါ်နုနုအေး၊ ဦးရဲနိ(အမက-၁၀၊ ကြည့်မြင်တိုင်) - ဒေါ်မြင့်မြင့်ပြုံး၊ ဦးမျိုးအောင်[လ/ထအင်ဂျင်နီယာ(၂)]-ဒေါ်ခင်မိုးလှိုင်တို့၏ညီ/အစ်ကို၊ ဒေါ်ခင်မိုးမိုးထွန်း၏ခင်ပွန်း၊ မောင်အောင်အောင်၊ ချစ်စနန်းတို့၏ဖခင်သည် ၁၃-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

တောင်ကြီးမြို့နယ် ကက္ကူစံပြကျေးရွာ ရွာသူ ရွာသားများ သောက်သုံးရန် သန့်ရှင်းသော သောက်သုံးရေကန်များ ရွာထိပ်၊ လမ်းထိပ်များတွင် ပြုလုပ်ထားရာ ကျေးရွာသူများ လာရောက် ရေခပ်နေကြစဉ်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်နေသော တောင်ကြီးမြို့နယ် ကက္ကူစံပြကျေးရွာသို့ တစ်ခေါက်

သတင်းဆောင်းပါး–မောင်မောင်ကျော်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ချယ်ရီ...နာမည်လေးမွှေးလို့... ချစ်ချင်သည်...ဟန်သွယ်ရေးစကားနှင့် စလာသည်။

ချယ်ရီပန်း...မခူးရ...ကမ္ပည်း စာစီ၊ မြူမှုန်လွှာနှင်းကြားမှာ...ပျင်းသလား ချယ်ရီ၊ ပန်လိုသူ မခူးနှင့်မီ...ဖူးပွင့်ကြွေသည်။

ချယ်ရီ...

အဆိုတော် ကိုကြည်တိုး၏ ချယ်ရီသီချင်းကို သတိရမိသည်။

ရှမ်းပြည်နယ် ခရီးအစ ချယ်ရီမြေကို ရောက်လျှင်ရောက်ချင်း ကိုကြည်တိုးသီချင်း အတွေးထဲဝင်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ ရောက်ခဲ့သည့် နေရာကား ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျောက်တစ်လုံးဒေသ ကက္ကူစံပြကျေးရွာ။ ထိုဒေသ၏ကျေးရွာအဝင်လမ်းများတွင် ချယ်ရီပင်များနှင့် ချယ်ရီပန်းများက လှချင်တိုင်းလှနေသည်။

ထိုကျေးရွာများတွင် ချယ်ရီပန်း ခူးမည့်သူများ မရှိ။ မြူမှုန်လွှာနှင်းကြားတွင် အစီအရီ ပွင့်နေသော ချယ်ရီပန်းများသည် ပန်လိုသူမရှိ၊ မြေမှာသာ ကြွေချင်တိုင်း ကြွေကြသည်။ စိမ်းစိုစိုလွင်ပြင်တွင် ပန်းနုရောင်ချယ်ရီများက အလှဆင်လျက်။ ထိုချယ်ရီအလှသည်ပင် ပတ်ဝန်းကျင် ယာခင်းများကို ပို၍သာလှပစေခဲ့သည်။

ထိုနေရာဒေသသို့ရောက်ခဲ့သော မိမိတို့ သတင်းဆောင်းပါးရေးသားရေးအဖွဲ့ ချယ်ရီအလှနှင့် ကျေးရွာသဘာဝအလှကို ရင်ထဲစွဲငြိစေခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်နှစ်တစ်သီး၊ နှစ်သီးသာမက သုံးသီး၊ လေးသီးရအောင် စိုက်ပျိုး နိုင်သော ကက္ကူစံပြကျေးရွာမှ တောင်သူ ဒေါ်နန်းအောင်၏ ကြက်သွန်ဖြူ စိုက်ခင်း။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၁၉၈၀၀၉

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျောက်မျက်ရတနာခန်းမ၌ဇွန် ၂၆ရက်ကျင်းပမည်

ရန်ကုန် မေ ၁၄

ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ဇွန် ၂၆ရက်မှ ဇူလိုင် ၃ ရက်အထိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော် ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် *စာမျက်နှာ ၁၁ ကော်လံ ၁* ●

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကြောင် အလှပြိုင်ပွဲ

၂၀၀၄ ခုနှစ် မေ ၉ ရက်က ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကျင်းပသည့် နိုင်ငံတကာကြောင်အလှပြိုင်ပွဲတွင် ပါရှန်ကြောင်တစ် ကောင်၏ ချစ်ဖွယ်ကောင်းသည့် ပြိုင်ပွဲဝင်ဟန်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲကို ရိုမေးနီးယားနိုင်ငံက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရှစ်ကြိမ်မြောက်တိုင် ရှိခဲ့ပြီဖြစ်သည်။ **(ရိုက်တာ)**



ဆိတ်စွမ်းရည်ပြသ

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ လမ်းတစ်လမ်းပေါ်တွင် ပါကစ္စတန်နိုင်ငံသားတစ်ဦးက သူ၏လေ့ကျင့်ပေးထားသောဆိတ်တစ်ကောင်ကို တုတ်ချောင်းတစ်ခု၏ ထိပ်ပေါ်တက်၍ မတ်တပ်ရပ်ပြခိုင်းပြီး လူများကို ဖျော်ဖြေမှုတစ်ရပ်ပြုလုပ်ပြသနေစဉ်။ **(ဝဲပုံ)** **(အေအက်ဖ်ပီ)**

ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများစည်းဝေး အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ မေ ၂၁ရက် စတင်မည်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့်အသင်းအုပ်ချုပ်သူများအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဒုတိယညွှန်ကြားရေးမှူးချုပ်ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့်နည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက အဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် ပွဲစဉ်ရေးဆွဲခြင်း ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး ပွဲစဉ်ဇယားကိုမဲနှိုက်ရေးဆွဲသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက နိဂုံးချုပ် အမှာစကားပြောကြားသည်။

၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် ၁၇ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမတန်းမှ တက်ရောက်လာသော *စာမျက်နှာ ၁၃ ကော်လံ ၁* ❐